# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရဲတပ်ဖွဲ့ဝင်များကို ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၌ အဖွဲ့ဝင်များအဖြစ် တာဝန်ပေးထားခြင်းသည် ခေတ်ပြောင်း စနစ်ပြောင်းနေသည့် အသွင်ကူးပြောင်းရေးကာလ၏ လိုအပ်ချက်အရဖြစ် မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများသည် ပြည်သူအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်ရန် ထိန်းသိမ်း

## မိမိကံကြမ္မာ မိမိဖန်တီးပိုင်ခွင့်ကို ထိပါးလာသည်အထိ ဖိအားပေးအကျပ်ကိုင်မှုများ ကြုံတွေ့နေစေကာမူ ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင်လမ်းကြောင်းမှန်ဖြင့် နိုင်ငံတော်သစ်ကို ရဲရဲဝံ့ဝံ့ကြိုးစားထူထောင်သွားမည်



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း (၄၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည့် (၄၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ●

**အုပ်ချုပ်ရေးမဏ္ဍိုင်သည် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အရေးအရာအားလုံး၏ အဓိကမဏ္ဍိုင်ဖြစ်၊ အုပ်ချုပ်မှုကောင်းရန်၊ အုပ်ချုပ်မှု ခိုင်မာသွက်လက်ထက်မြက်ရန်ဆိုသည်မှာ ဖွဲ့စည်းမှု ပုံသဏ္ဌာန်မှန်ကန်ရန် လိုအပ်သလို လုပ်ကိုင်ပုံနည်းစနစ်များသည်လည်း ခေတ်နှင့်အညီဖြစ်နေရန် လိုအပ်။**



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

# လူမှုစီးပွားအကျိုးရလဒ်ကောင်းများဖြစ်ထွန်းစေမည့် အရှည်ပေ ၄၂၀ရှိ ဖိုင်လင်းတံတားဖွင့်လှစ်

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးသည် ပဓာနကျသည့် လိုအပ်ချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့မှသာ ထုတ်လုပ်ထွက်ရှိလာသော ကုန်စည်များကို ဒေသတစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင် ကူးသန်းရောင်းဝယ်နိုင်မည်။ တိုင်းရင်းသားပြည်သူများ သွားလာဆက်သွယ်မှု လွယ်ကူပြီး အချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်က ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်လာရေးကို လက်တွေ့ကျကျ မျှော်မှန်းပြီး လမ်း၊ တံတားလုပ်ငန်းများ အပါအဝင် လမ်းပန်းဆက်သွယ်မှုကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ နယ်စပ်ဒေသများပါမကျန် ပြည်ထောင်စုကြီးတစ်ရပ်လုံးသို့ ကူးလူးဆက်ဆံသွားလာနိုင်သည့် လမ်းပန်းဆက်သွယ်မှုသည် အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

စစ်ကိုင်းတိုင်း တမူးမြို့နယ် တမူး-စေတီလမ်းပေါ်ရှိ နန့်ယားချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးသွားသည့် ဖိုင်လင်းတံတားကို စက်တင်ဘာလ ၂၆ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ ဖိုင်လင်းတံတား၏ အမျိုးအစားမှာ တံတားအောက်ထည်အချင်းခြောက်ပေနှင့် လေးပေရှိ သံကူကွန်ကရစ်ပိုင်တိုင်အုတ်မြစ်နှင့် သံကူကွန်ကရစ်တိုင်ဖြစ်ပြီး တံတားအပေါ်ထည်မှာ တာဝါကြိုးဆိုင်းတစ်လွှာတစ်ထပ် ဘေလီတံတားနှင့် တံတားအရှည်မှာ ပေ ၄၂၀ရှိ၍ ယာဉ်သွားလမ်းအကျယ်သည် ၁၀ပေ၉လက်မနှင့် ခွင့်ပြုယာဉ် အလေးချိန်သည် ယာဉ်တစ်စီးချင်း ၁၃တန်ဖြစ်သည်။

တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ယူခဲ့သည့် ၁၈နှစ်တာကာလအတွင်း တစ်နိုင်ငံလုံး၌ လမ်းမိုင် ၅၃၈၆မိုင် တိုးတက်ဖောက်လုပ်နိုင်ခဲ့ပြီး ပေ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၂၁၈ စင်းကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

စစ်ကိုင်းတိုင်းအတွင်း၌ လမ်းမိုင်၇၆၃မိုင်နှင့် ပေ၁၈၀နှင့်အထက် တံတားကြီးပေါင်း၁၂စင်း တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ကံကြီးဝတံတား၊ ဥရုတံတားနှင့် နမ့်စလိန်တံတားများကိုလည်း အမြန်ပြီးစီးရေး ဆောင်ရွက်နေသည်။

ဖိုင်လင်းတံတား တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယင်းဒေသက စိုက်ပျိုးထွက်ရှိသည့် သီးနှံများ၊ သစ်တောထွက်ကုန်များကို တမူး-ကလေး-ကလေးဝလမ်းမှတစ်ဆင့် ပြည်တွင်းသို့ အလွယ်တကူ သယ်ပို့နိုင်မည်ဖြစ်သကဲ့သို့ တစ်ဖက်နိုင်ငံသို့လည်း ပုံမှန်ကုန်သွယ်မှု လမ်းကြောင်းဖြင့် ရောင်းချနိုင်တော့မည်ဖြစ်သည်။

ဖိုင်လင်းတံတားကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် တမူးနှင့်စေတီကို မော်တော်ကားဖြင့် အချိန်တိုအတွင်း သွားလာနိုင်တော့မည်ဖြစ်၍ ယင်းဒေသအတွက် လမ်းကြောင်းသစ်တစ်ခု ဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေးအကျိုးရလဒ်ကောင်းများ တိုးပွားဖြစ်ထွန်းလာမည် ဖြစ်ပေသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၂-၁၀-၂၀၀၆**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညနေပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၃၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၃၅ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၂၀)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ **သံဃာ့ဂုဏ်ရည် မြတ်လယ်တီ** -ဆပဂံတောရတွင် တရားအားထုတ်တော်မူခြင်း
၁၆။ မေးမြန်းစူးစမ်း
၁၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟေဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) အပိုင်း(၂၇)

## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ အလုံမြို့နယ် ၄ဝါလမ်း အမှတ် ၁၃၇ နေ ဒေါ်တင်ကြည်၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်း ခုနစ်ထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)



## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သောအဖွဲ့ ယူနန်ပြည်နယ် ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ၏ ဖိတ်ကြားချက်အရ ယူနန်ပြည်နယ်သို့ စက်တင်ဘာ ၂၄ ရက်မှ ၂၈ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ၃၀ရက်တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။**

### ကြိုဆိုနှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားနှင့် အခြားတာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

### တွေ့ဆုံခဲ့

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ၂၄ရက် ညနေပိုင်းတွင် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr.Xu Rong Kaiနှင့်လည်းကောင်း၊ စက်တင်ဘာ ၂၈ရက် မွန်းလွဲပိုင်းတွင် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Ping နှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

### လေ့လာခဲ့

ဒုတိယဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း လီကျန်းရှေးဟောင်းမြို့ ခရီးသွားလုပ်ငန်း၊ ကူမင်းမြို့ရှိ Kunming Iron & Steel Co.,Ltd.၊ Yunnan Nationalities Village Stone Forest, Jiu Xiang Cave နှင့် အခြား စိတ်ဝင်စားဖွယ်ရာ နေရာဒေသများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

## ရွှေပြည်သာ သာသနဒီပံ တရားစခန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် ၆/၁၀ ရပ်ကွက် ချင်းတွင်းလမ်း သာသနဒီပံ မဟာစည်ရိပ်သာ၌ အောက်တိုဘာ ၁၅ရက်မှ ၂၂ရက်အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းသတိပဋ္ဌာန် ဝိပဿနာ တရားများကို အခြေခံမှစ၍ အရှင်သိရိန္ဒ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ရိပ်သာ ဖုန်း-၇၀၇၄၉၇သို့ ဆက်သွယ်၍ စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဆက်သွယ်ရေး ချို့ယွင်းမှု တိုင်ကြားရေး ဌာန-(၁၀၆)

ဆက်သွယ်ရေးဝန်ဆောင်မှုများဖြစ်ကြသည့် Telephone/ Mobile /Fax /Internet/ E-mail/Billing /DATA နှင့် ထပ်ဆောင်းဝန်ဆောင်မှုများတွင် ချို့ယွင်းမှု၊ မှားယွင်းမှုများဖြစ်ပေါ်ပါက မြန်ဆန်ထိရောက်စွာ ပြုပြင်ပေးနိုင်ရေးအတွက် **"ဆက်သွယ်ရေးချို့ယွင်းမှု တိုင်ကြားရေးဌာန-(၁၀၆)"**ကို နေပြည်တော်တွင် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ပြည်သူများအနေဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍ တိုင်ကြားလိုပါက ဒေသဆိုင်ရာချို့ယွင်းမှုပြုပြင်ရေးဌာနများအပြင် **"ဆက်သွယ်ရေးချို့ယွင်းမှု တိုင်ကြားရေးဌာန-(၁၀၆)"**သို့လည်း တိုက်ရိုက်ခေါ်ဆိုတိုင်ကြားနိုင်ပါသည်။

- တယ်လီဖုန်းအမှတ် - ၁၀၆
- FAX - 067-422106
- E-mail - 106 @mptmail.net.mm
- စာတိုက်သေတ္တာအမှတ် - ၁၀၆ နေပြည်တော်

**(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)**

## ကံထူးရှင်များပေါ်ထွက်

**ရန်ကုန် အောက်တိုဘာ ၁**

(၂၁၃)ကြိမ်မြောက် ကျပ်၁၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့်ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကျပ်သိန်း၅၀၀အထူးဆု**

ဘ-၆၇၅၂၀၁

**ကျပ်သိန်း၃၀၀ဆုများ**

ဘ-၂၈၀၂၁၀ စ-၅၀၄၄၇၆

**ကျပ်သိန်း၂၀၀ဆုများ**

ဗ-၈၀၆၅၂၄ ည-၉၆၁၇၈၇
ဖ-၅၁၂၆၆၆ ဈ-၆၇၇၇၉၇

**ကျပ်သိန်း၁၀၀ဆုများ**

ဇ-၄၁၆၇၈၄ ဝ-၃၅၀၆၅၄
န-၇၈၉၂၂၉ ခ-၆၆၀၉၈၀
ဝ-၆၄၅၂၉၁ န-၅၈၆၃၄၇
ယ-၅၀၄၃၄၅ င-၂၄၅၅၆၇
င-၈၂၈၅၂၂ ဌ-၂၈၅၈၅၆
ည-၅၉၈၆၇၄ ယ-၁၇၀၆၁၇
ဎ-၁၃၄၃၇၂ ခ-၂၉၇၈၇၈
ခ-၈၉၄၁၈၄

**ကျပ်သိန်း၁၀၀ဆု(မင်္ဂလာစုံတွဲ)**

န-၂၄၄၀၀၁ ပ-၁၇၁၇၇၆
မ-၅၄၆၁၆၁ ဘ-၂၆၅၄၈၂
ဓ-၃၀၃၇၃၉ ဇ-၁၆၃၁၂၈
ခ-၆၆၁၆၆၅ ဏ-၆၀၄၁၀၉
ဘ-၇၉၉၇၁၆ ဂ-၉၉၄၀၇၂
ဒ-၃၄၃၆၀၀ ဏ-၁၁၈၂၀၀
မ-၈၈၁၉၃၇ ဒ-၇၆၁၆၄၅
ပ-၉၂၀၆၈၀ ဏ-၅၉၄၂၂၈

**(သတင်းစဉ်)**

## စာအောင်ဆုနှင်းပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်အမှတ် ၆ ကြားတောရလမ်းရှိ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၌ သတ္တရသမအကြိမ်အဘိဓမ္မာ၊အဘိဓမ္မာ (ဂုဏ်ထူးဆောင်)နှင့်ဝိသုဒ္ဓိမဂ်စာအောင် ပုဂ္ဂိုလ်များ ဆုနှင်းပွဲကို အောက်တိုဘာ ၇ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် အဆိုပါ သင်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆုရစာအောင်ပုဂ္ဂိုလ်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။**(က-ပ)**





# သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများ မြန်မာနိုင်ငံအစောဆုံးစတင် ယဉ်ကျေးမှုဓလေ့အရ အခြားနိုင်ငံများထက် ပိုပြီးအောင်မြင်ရန် အခွင့်အလမ်းကောင်းများရှိ လူမှုရေးအဖွဲ့အစည်းများ၏စွမ်းအားနှင့် အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်ရေးအစီအစဉ် ရည်မှန်းချက်အောင်မြင်ဖြစ်ထွန်းသည်အထိ တစ်နိုင်ငံလုံးအနှံ့ဆက်လက်ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ကျင်းပသည့် ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုခံအဘိုးအဘွားများအား ဂါရဝပြုလက်ဆောင်ပစ္စည်းများ၊ ဂုဏ်ပြုငွေနှင့် ဆေးဝါးများ ပေးအပ်သည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အထူးဖိတ်ကြားထားသူများ၊ အလှူရှင်များ၊ ဂုဏ်ပြုခံ အဘိုးအဘွားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## နှစ်စဉ်မပျက်ကျင်းပ

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် **(အပေါ်ပုံ)** က ဂုဏ်ပြု အမှာစကားပြောကြားရာ၌ နှစ်စဉ်အောက်တိုဘာ ၁ ရက်နေ့ကို **"အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့"**ဟု ကုလသမဂ္ဂအဖွဲ့ကြီးက စတင်ဂုဏ်ပြု သတ်မှတ်ခဲ့သည့် ၁၉၉၉ ခုနှစ် ကစပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ ဝတ္တရားနှင့်အညီ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားများကို နှစ်စဉ်မပျက် ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် အဋ္ဌမနှစ်ကို တိုင်ခဲ့ပြီဖြစ်ကြောင်း။

သက်ကြီးရွယ်အို ဘိုးဘွားများကို မိမိတို့၏ မိဘရင်းချာနှင့်မခြား ရိုသေချစ်ခင်စွာ ပြုစုစောင့်ရှောက်တတ်သည့် မြန်မာလူမျိုးတို့အဖို့ ယခုကဲ့သို့ သက်ကြီးရွယ်အိုများအတွက် သာယာချမ်းမြေ့ဖွယ် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးအတွက် သန္နိဋ္ဌာန်ချ ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတကာ လှုပ်ရှားမှုကြီးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရခြင်းသည် မြန်မာလူမျိုးတို့၏ ဂုဏ်ယူထိန်းသိမ်းဖွယ် ဓလေ့စရိုက် အစဉ်အလာတစ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သကဲ့သို့ ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံ၏ တာဝန်ကို ကျေပွန်စွာ ပါဝင်ထမ်းရွက်ခြင်းလည်းဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ယခုအချိန်၌ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၆၅၀၀ ကျော်လာပြီဖြစ်သကဲ့သို့ အသက် ၆၀ နှင့်အထက် သန်း ၆၉၀ သည်လည်း သက်ကြီးရွယ်အိုဘဝကို ရောက်ရှိနေကြပြီဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင်လည်း လူဦးရေ ၅၅ ဒသမ ၄ သန်းကျော်ရှိသည့်အနက် အသက် ၆၀ ကျော်နှင့်အထက် ဘိုးဘွား ၄ ဒသမ ၆ သန်း ပါဝင်လျက်ရှိခြင်းကြောင့် လူဦးရေ ၁၂ ဦးတွင် တစ်ဦးသည် သက်ကြီးရွယ်အိုဘဝကို ရောက်ရှိလာပြီဟု ဆိုနိုင်ကြောင်း။

## လှုံ့ဆော်အားပေး

ဓိဝနည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ကမ္ဘာ့လူသားများသည် ပိုပြီး အသက်ရှည်လာကြသည့်အတွက် ယခုဆိုလျှင် ကမ္ဘာနှင့်အဝန်းမှာ သက်ကြီးရွယ်အိုများ များစွာ တိုးပွားလာနေသည့်အရေးသည် အလေးထားစရာ လူမှုရေးပြဿနာတစ်ရပ်ဖြစ်နေပြီဖြစ်ကြောင်း၊ နိုင်ငံအတော်များများမှာ သက်ကြီးရွယ်အိုအရေအတွက် များပြားလာသည်နှင့်အမျှ ၎င်းတို့ကို ပြုစုစောင့်ရှောက်ပေးရမည့် လုပ်ငန်း ပမာဏသည်လည်း ကြီးမားလာလျက်ရှိကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးအနေနှင့် သက်ကြီးရွယ်အိုများ၏ ဘဝသာယာစိုပြည်စေရေးအတွက် အခြေခံမှု(၅)ရပ်ကို ချမှတ်ပြီး သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးကို အလေးထားဆောင်ရွက်ကြရန် ကမ္ဘာ့နိုင်ငံအသီးသီးကို လှုံ့ဆော်အားပေး ဆောင်ရွက်လျက်ရှိကြောင်း။

## ဂုဏ်ပြုငွေနှင့် ဆေးဝါးများ ပေးအပ်ချီးမြှင့်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့တွင် ဂုဏ်ပြုခံ အဘိုးတစ်ဦးအား ဂုဏ်ပြုငွေနှင့် ဆေးဝါးများ ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



## အလေးထားဖော်ဆောင်

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည်လည်း ကုလသမဂ္ဂ၏ အားပေးလှုံ့ဆော်မှုနှင့်အညီ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို အခြေခံမှုကြီး(၅)ရပ်နှင့် ဆီလျော်ညီညွတ်စွာ အလေးထားဖော်ဆောင်လျက်ရှိကြကြောင်း။

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ၌ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကိုပါ ထည့်သွင်းဆောင်ရွက်လျက်ရှိသည့်အတွက် ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ အပါအဝင် လူမှုရေးစောင့်ရှောက်မှု အထူးပြု ဆောင်ရွက်ပေးရမည့် လူမှုရေးအုပ်စုများ၏ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို သီးသီးခြားခြား ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။**

ထို့ကြောင့် မြန်မာနိုင်ငံအတွက် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးလုပ်ငန်းများသည် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာနှင့် နိုင်ငံတော်အစိုးရ၏ မူဝါဒတို့ တစ်သားတည်းကျနေသည့် လူမှုစောင့်ရှောက်ရေးလုပ်ငန်းတစ်ခု ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

အမှန်တကယ်အားဖြင့် မိမိတို့ မြန်မာနိုင်ငံသည် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို အစောဆုံး စတင်ခဲ့သည့် နိုင်ငံတစ်ခုဖြစ်သည်ဟု ပြောရလျှင် မမှားဘူးဟု ဆိုရမည်ဖြစ်ကြောင်း၊ မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ရှေးမင်းအဆက်ဆက်တို့သည် သူအိုသူနာ ပြုစုစောင့်ရှောက်ခြင်းအမှုကို နိစ္စဒါန ထာဝရကုသိုလ်အဖြစ် အလေးထား ဆောင်ရွက်ခဲ့ကြသည့် အစဉ်အလာရှိခဲ့ကြောင်း၊ အင်းဝခေတ် သာလွန်မင်းလက်ထက် ခရစ်နှစ် ၁၁၅၆ ခုနှစ်တွင် သက်ကြီးရွယ်အို ဘိုးဘွားများအား ကျွေးမွေးပြုစုသည်ကို မင်းကုသိုလ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း။

## အစဉ်အလာကျင့်သုံး

ပဌမသင်္ဂါယနာတင် မင်းတုန်းမင်းကြီးလက်ထက်၌လည်း ရှေးမင်းများ၏ အစဉ်အလာကို ဆက်လက်ကျင့်သုံးခဲ့ကြောင်း၊ သက္ကရာဇ် ၁၂၂၆ ခုနှစ်တွင် ရေးဆွဲခဲ့သည့် သူအိုသူနာများကို မန္တလေးရွှေမြို့တော် လေးမျက်နှာမှာ အိမ်များဆောက်၊ လုံလုံလောက်လောက်ကျွေးမွေးပြီး သမားတော် သုံးယောက်စီ စောင့်ရှောက်ဟန် ပန်းချီဆရာမြ၏ လက်ရာပန်းချီကားကို မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရား အနောက်ဘက်စောင်းတန်း၌ ယနေ့တိုင် တွေ့မြင်နိုင်ကြောင်း။

မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့ကျူးကျော်စစ်၏ စစ်ဘေး စစ်ဒဏ်ကြောင့် ခိုကိုးရာမဲ့ဖြစ်ရသည့်ဘိုးဘွားများ နိုင်ငံအနှံ့ ပေါ်ပေါက်လာခဲ့စဉ်မှာလည်း ဘွားဦးဇွန်းသည် စစ်ကိုင်းတောင်ရိုး၌

***စာမျက်နှာ ၇ ကော်လံ ၁***



ကမ္ဘာ့ပထမဆုံး အမျိုးသမီး အာကာသ ခရီးသည် အင်ဆာရီ ကမ္ဘာမြေသို့ အောင်မြင်စွာ ပြန် လည် ရောက်ရှိစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာ့ပထမဆုံးအမျိုးသမီး အာကာသခရီးသည် ကမ္ဘာမြေပြင်သို့ အောင်မြင်စွာ ပြန်လည်ရောက်ရှိ

**မော်စကို အောက်တိုဘာ ၁**

ရုရှားဆိုယုဇ်အာကာသယာဉ်သည် ကမ္ဘာ့ပထမဆုံး အမျိုးသမီး အာကာသခရီးသည်လိုက်ပါလျက် နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်)မှ ကမ္ဘာမြေသို့ စက်တင်ဘာ ၂၉ ရက်အစောပိုင်းက ပြန်လည်ရောက်ရှိလာပြီ ဖြစ်ကြောင်း မော်စကိုမြို့ပြင်ရှိ အာကာသထိန်းချုပ်ရေး စခန်းက ပြောကြားသည်။

## အောင်မြင်စွာဆင်းသက်

အီရန်ဖွား အမေရိကန်နိုင်ငံသူ အင်ဆာရီနှင့် အိုင်အက်စ်အက်စ်အဖွဲ့ဝင် ရုရှားအာကာသယာဉ်မှူး ပါဗယ်ဗီနိုဂရာဒို့ဗ်နှင့် အမေရိကန် အာကာသယာဉ်မှူး ဂျက်ဖရီး ဝီလျံတို့နှင့်အတူ ပြန်လည်လိုက်ပါလာရာ ကာဇက်စတန် မြောက်ပိုင်း၌ အောင်မြင်စွာဆင်းသက်ခဲ့သည်။

အသက် ၄၀ အရွယ်ရှိ အဆိုပါအမျိုးသမီးအာကာသ ခရီးသည်သည် တက္ကဆက်ပြည်နယ်၌ ဆက်သွယ်ရေး ကုမ္ပဏီထူထောင်လုပ်ကိုင်နေသူဖြစ်သည်။

## လက်တွေ့စမ်းသပ်

သူမသည် ကိုးရက်ကြာ နိုင်ငံတကာအာကာသစခန်း၌ နေထိုင်စဉ်အတွင်း ဥရောပအာကာသ အေဂျင်စီအတွက် သွေးနှင့်ကြွက်သား လက်တွေ့စမ်းသပ်ချက်များ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ထိုင်းဗိုလ်ချုပ်ကြီးဟောင်း ဆူရာယုဒ်ချူလာနွန် ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆို

ဗန်ကောက် အောက်တိုဘာ ၁

**ထိုင်းကြည်းတပ်စစ်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးဟောင်း ဆူရာယုဒ်ချူလာနွန်သည် ဗန်ကောက်မြို့၌ ထိုင်းကြားဖြတ်အစိုးရ ဝန်ကြီးချုပ်အဖြစ် အောက်တိုဘာ ၁ ရက်က ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။**

ဎင်း၏ အစိုးရအနေဖြင့် ထိုင်းပြည်သူများ၏ ပျော်ရွှင်ကျေနပ်မှုနှင့်အတူ စီးပွားရေးတိုးတက်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါ ထိုင်းဝန်ကြီးချုပ်သစ်က သတင်းထောက်များအား ပြောကြားသည်။

## ကျမ်းသစ္စာကျိန်ဆို

ဎင်းသည် အာဏာသိမ်းအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဆွန်သီ၏ ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

## ထုတ်ဖော်ပြောကြား

ယင်းဝန်ကြီးချုပ်သည် ၂၀၀၇ ခုနှစ် အောက်တိုဘာလ ရွေးကောက်ပွဲတိုင်အောင် အာဏာကို ဆက်လက်ထိန်းထားမည် ဖြစ်ကြောင်း ထိုင်းစစ်ဘက်က ထုတ်ဖော် ပြောကြားသည်။

## ရောက်ရှိ

အသက် ၆၂ နှစ်ရှိ အဆိုပါ ဗိုလ်ချုပ်ကြီးဟောင်းသည် ထိုင်းကြားဖြတ် ခေါင်းဆောင်အဖြစ် ကြေညာလိုက်ပြီးနောက် နာရီပိုင်းအကြာတွင် ကျမ်းကျိန်ပွဲသို့ ရောက်ရှိလာသည်။

## ပြောကြား

ထိုင်းဘုရင်က ယခုအချိန်မှစ၍ ဆူရာယုဒ်ချူလာနွန်အား ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်လိုက်ပြီဖြစ်ကြောင်း အစိုးရအိမ်တော် အဆိုပါ အခမ်းအနားတွင် ဗိုလ်ချုပ်ကြီး ဆွန်သီက ပြောကြားသည်။

## တိုးတက်အောင် ဦးဆောင်ခဲ့သူ

ဎင်းသည် ၂၀၀၄ ဆူနာမီဘေးမှ ပြန်လည် ထူထောင်ရေးလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်အောင် ဦးဆောင်ခဲ့သူဖြစ်၍ အများ၏ လေးစားမှုကို ရရှိထားသူလည်း ဖြစ်သည်။

**(အင်တာနက်)**



ထိုင်းဝန်ကြီးချုပ်သစ် ဗိုလ်ချုပ်ကြီးဟောင်း ဆူရာယုဒ်ချူလာနွန်။



**ပြင်သစ်နိုင်ငံ ပါရီမြို့ ကားထုတ်လုပ်မှုပြပွဲ၌ ပြသထားသည့် ဒီဇိုင်းသစ် ကားပုံစံကို စက်တင်ဘာ ၂၉ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဗီယက်နမ်၌ မုန်တိုင်းဝင် အနည်းဆုံး လူခုနစ်ဦးသေဆုံး

**ဟန္နိုင်း အောက်တိုဘာ ၁**

ရှန်ဆန်း အမည်ရှိ မုန်တိုင်းတစ်ခု အောက်တိုဘာ ၁ ရက်က ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်ပြီး အနည်းဆုံး လူခုနစ်ဦးသေဆုံးခဲ့ပြီး ၇၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ ရာထောင်နှင့်ချီသော သစ်ပင်များ ပြိုလဲကျပြီး လျှပ်စစ်ဓာတ်အားလိုင်းများနှင့် တယ်လီဖုန်းလိုင်းများ ပြတ်တောက်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ယင်းမုန်တိုင်းသည်စက်တင်ဘာ ၂၇ ရက်က ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ခဲ့ရာ ၇၆ ဦး သေဆုံးပြီး ၈၁ ဦး ဒဏ်ရာရရှိခဲ့ကာ ၆၉ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ထိုမုန်တိုင်းသည် အားပျော့သွားသော်လည်း ဗီယက်နမ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ လာအိုသို့ ဆက်လက် တိုက်ခတ်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**(အင်တာနက်)**

# ထိုင်းနိုင်ငံ၌ ကုန်စျေးနှုန်းများ မြင့်တက်

**ဗန်ကောက် အောက်တိုဘာ ၁**

ပြီးခဲ့သည့် စက်တင်ဘာ ၁၉ရက် က ထိုင်းစစ်ဘက်မှအာဏာသိမ်းခဲ့ပြီးနောက် ယခုအခါ ကုန်သွယ်ရေး စီးဆင်းမှုပုံမှန်ဖြစ်လာသော်လည်း ကုန်စျေးနှုန်းများ အနည်းငယ်တက်လျက်ရှိကြောင်း၊ စီးပွားရေးတိုးတက်မှု နှေးကွေးသွားကြောင်း ရိုက်တာ သတင်းတစ်ရပ်၌ ဖော်ပြသည်။

## မြင့်တက်

ထိုင်းနိုင်ငံတွင် ပြီးခဲ့သည့် ဩဂုတ်လက ထုတ်ကုန်များမြင့်တက်ပြီး ကုန်သွယ်ရေး ပိုငွေများရှိခဲ့သော်လည်း စက်တင်ဘာလက အာဏာသိမ်းမှုဖြစ်ပွားခဲ့ပြီးနောက် ကုန်ထုတ်လုပ်မှုများ လျော့နည်းသွားခဲ့သည်။

## ကောင်းမွန်လာမည်

သို့သော်လည်း ကုန်သွယ်မှုများ ပြန်လည်ကောင်းမွန်လာပြီး ပုံမှန်ဖြစ်လာပါက စီးပွားရေးတိုးတက်မှု တဖြည်းဖြည်း ကောင်းမွန်လာမည်ဟု ရိုက်တာက ဖော်ပြသည်။

**(အင်တာနက်)**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**



**တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ လျောင်နင်းပြည်နယ်တွင် အမျိုးသမီးငယ်လေးများ ရိုးရာယဉ်ကျေးမှု ဝတ်စုံများ ဝတ်ဆင်လျက် ကပြဖျော်ဖြေနေသည်ကို စက်တင်ဘာ ၃၀ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# လက်တင်အမေရိကရှိ ပြည်သူသန်း ၅၀ ကျော် သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့နေရ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁**

လက်တင်အမေရိကနေ ပြည်သူသန်း ၅၀ ကျော်တို့သည် သောက်သုံးရေမရ ဖြစ်နေပြီး နောက်ထပ် ၁၀၃ သန်းမှာလည်း အခြေခံကျန်းမာရေးနှင့် ညီညွတ်မှုမရှိကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)က စက်တင်ဘာ ၂၈ ရက် ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ယင်းကဲ့သို့ ဖြစ်စဉ်များမှာ ကျေးလက်နှင့် မြို့ပြတို့၏ကွာဟချက်ကြောင့်ဖြစ်ပြီး ထိုဒေသများရှိ မြို့ပြနေပြည်သူများ၏ ၉၆ ရာခိုင်နှုန်းကို ရေပေးဝေနိုင်ခဲ့သော်လည်း ကျေးလက်နေပြည်သူ ၇၃ရာခိုင်နှုန်းကိုသာ ရေပေးဝေနိုင်ခဲ့ကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် မြို့ပြနေထိုင်သူ ၈၆ရာခိုင်နှုန်းကို ဆောင်ရွက်နိုင်ခဲ့သော်လည်း ကျေးလက်တွင်မူ ၄၉ ရာခိုင်နှုန်းသာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း ယူနီဆက်က ပြောကြားသည်။

မက္ကဆီကိုနိုင်ငံတွင် မြို့ပြလူဦးရေ၏ ၉၁ ရာခိုင်နှုန်းကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ကျေးလက်တွင်လူဦးရေ ၄၁ ရာခိုင်နှုန်းကိုသာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပမည့်နေရာများ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁

**၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့သည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်က (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘာသာရပ်အလိုက်ပြိုင်ပွဲများ ကျင်းပမည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များအား ကြိုဆိုနှုတ်ဆက်ပွဲအခမ်းအနား၊ ဖွင့်ပွဲအခမ်းအနား ပြင်ဆင်ထားရှိမှုအခြေအနေ၊ အကပြိုင်ပွဲ၊ ရုပ်သေးပြိုင်ပွဲနှင့် ဇာတ်သဘင်ပြိုင်ပွဲများကျင်းပနိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

**ပြင်ဆင်ထား**

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ဖွင့်ပွဲအခမ်းအနားကျင်းပမည့်ခန်းမပြင်ပ၌ စိုက်ထူထားသော မြေစိုက်ပိုစတာများ၊ လမ်းညွှန်မြေပုံနှင့် စားသောက်ဆိုင်တန်းများထားရှိမည့် နေရာများကိုလည်းကောင်း၊ သစ်တောသုတေသနဦးစီးဌာန စုဝေးခန်းမ၌ အတီးပြိုင်ပွဲ (စန္ဒရား၊ မယ်ဒလင်၊ နဲ) များကို ကျင်းပနိုင်ရေးပြင်ဆင်ထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

**ရှင်းလင်း**

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် စိုက်ပျိုးရေးတက္ကသိုလ်နယ်မြေအတွင်းရှိ စုဝေးခန်းမ၊ စာသင်ခန်းမ၊ ဘွဲ့နှင်းသဘင်ခန်းမတို့၌ အဆိုပြိုင်ပွဲ၊ အတီးပြိုင်ပွဲများ ကျင်းပနိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနရှိ စုဝေးခန်းမနှင့် သင်တန်းခန်းမတို့၌ အတီးပြိုင်ပွဲ၊ အရေးပြိုင်ပွဲများ ကျင်းပနိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အနုပညာအရည်အသွေး၊ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ အဆင့်အတန်းမြင့်မားမှု၊ ခမ်းနားထည်ဝါမှုတို့ကို ပေါ်လွင်စွာ ပြသနိုင်ရေး ဝိုင်းဝန်းစီမံဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**လိုက်လံပြသ**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ယနေ့နံနက်ပိုင်းက အမှတ်(၇) တည်းခိုရေးစခန်း အဆောင်အမှတ် (၇/ခ/၁) ပြင်ဆင်ထားရှိမှုနှင့် ပြည်နယ်နှင့် တိုင်းအလိုက် ပြိုင်ပွဲဝင်များ၊ အကဲဖြတ်ဒိုင်များ တည်းခိုရေး နေရာချထားမှု လမ်းညွှန်မြေပုံတို့ကို ကြည့်ရှုစစ်ဆေးပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်၊ ကော်မတီနှင့် ဆပ်ကော်မတီများ၏ ရုံးခန်းများ၊ ဓာတ်ပုံဆိုင်၊ ဆံသဆိုင်များ ထားရှိမှုနေရာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ **(သတင်းစဉ်)**

## ပြိုင်ပွဲကျင်းပမည့်နေရာများ ကြည့်ရှု

**၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘာသာရပ်အလိုက် ပြိုင်ပွဲများ ကျင်းပမည့်နေရာများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)







အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် ဦးအောင်ကျော်မင်း၊ သား ကျော်ကျော်ခိုင်၊ သမီး မခင်ခိုင်ရွှေစင် အမှတ် ၁၉၆ ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၏ ဩဝါဒါစရိယဖြစ်ကြသော ဆရာတော် ဘဒ္ဒန္တ လက္ခဏနှင့် ဘဒ္ဒန္တ ကုမာရတို့ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ နေ ဒေါ်စန်းနှစ်၊ သား ကိုသူရ မိသားစုက အလှူငွေကျပ် တစ်သိန်းကို **ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူ** လမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

## ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် မဟာပဋ္ဌာန်းပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၁**

စမ်းချောင်းမြို့နယ် ဗားကရာတိုက် ရန်ကုန်ကျောင်း၌ ၁၂၃၀ ပြည့်နှစ်မှ စ၍ နှစ်ပေါင်း ၁၃၈ နှစ်တိုင်တိုင် ကိုးကွယ်ပူဇော်ခဲ့သော မဟာစိန္တာမဏိရုပ်ရှင်တော်မြတ်ကြီးအား (၂၃)ကြိမ်မြောက် ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် မဟာပဋ္ဌာန်းပူဇော်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၅ ရက်) ညနေ ၄ နာရီတွင် ပန်း၊ ရေချမ်း၊ ဆီမီးအလင်းတိုင်များကို မိမိတို့ဆန္ဒအလျောက် ပူဇော်ပြီး သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၆ ရက်) နံနက်တွင် ဆရာတော်နှင့် ဒါယကာ ဒါယိကာမများက ဆွမ်းတော်ကြီးကပ်လှူပြီး ပင့်သံဃာ ၅၀ ကျော်တို့အား ဆွမ်းကပ်လှူဒါန်းပူဇော်မည်ဖြစ်ရာ လာရောက်ပူဇော် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဆရာသိစေ ကြားစေသတည်း

* ဆိုးခဲ့သမျှ၊ မိုက်သမျှကို
မိဘပမာ၊ ခွင့်လွှတ်ရှာသော
ဆရာသခင် ကျေးဇူးရှင်...။

* ဆိုးခဲ့သမျှ၊ မိုက်သမျှကို
ကြီးမှပြန်ပြင်၊ အသိဝင်တော့
ဆရာသခင်မရှိတော့ပါ။

* ဆရာမရှိ၊ ဖြစ်လေဘိလည်း
ရှိသည့်အသွင်၊ စိတ်မှာထင်၍
စာသင်ခဲ့ရာ၊ ကျောင်းရိပ်သာသို့
ခါခါမှန်းကာ၊ ကန်တော့ပါသည်။
ဆရာသိစေ၊ ကြားစေသတည်း။ ။

**မောင်လင်းကြည်**

**( ၂၀၀၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုလျက်-)**

## စံကွက်ရိတ်သိမ်း တစ်ဧကတင်း ၂၅၀ ကျော် ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို စက်တင်ဘာ ၁၆ ရက်က မန်ဟီးရိုးမြို့ရှိ ကွင်းအမှတ်(၂၅)၊ ဦးပိုင်အမှတ်(၄၂) တောင်သူကြီး ဦးထီးခမ်း၏ လယ်မြေ၌ကျင်းပရာ တစ်ဧကတင်း ၂၅၀ ဒသမ ၃၃ တင်းထွက်ရှိကြောင်း သိရသည်။ **(က-ပ)**



**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**

## အယ်လ်ဇိုင်းမားရောဂါ ဖြစ်ပွားစေသည့် ဦးနှောက်ဆဲလ်များပျက်စီးမှု ရှာဖွေနိုင်

**ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းမှုရောဂါ (အယ်လ်ဇိုင်းမား)ကို ဖြစ်ပွားစေသော ဦးနှောက်ဆဲလ်များပျက်စီးမှုကို ကွန်ပျူတာဖြင့်ရှာဖွေသိရှိရန် အကူအညီပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။**

**ဦးနှောက်အတွင်းရှိ မှတ်ဉာဏ်ဆဲလ်များ ပျက်စီးမှုကို မည်သည့်အတိုင်းအတာအထိ ဖြစ်ပွားနေကြောင်း ကွန်ပျူတာအကူအညီဖြင့် ကြည့်ရှုစစ်ဆေးနိုင်ပြီဟု ၎င်းတို့က ပြောကြားသည်။**

ထိခိုက်ပျက်စီးနိုင်

**ထို့အပြင် ပျက်စီးနေသော မှတ်ဉာဏ်ဆဲလ်များနှင့် ပေါင်းစပ်ဖွဲ့စည်းတည်ရှိနေသည့် ဆဲလ်များ မည်သည့်အနေအထားထိ ပျက်စီးနိုင်မည်ကိုလည်း ရှာဖွေသိရှိနိုင်မည်ဖြစ်သည် ဟုဆိုသည်။**

အကောင်းဆုံး

**ယခုကဲ့သို့ ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းမှုကို ဖြစ်ပွားစေသော ဆဲလ်များပျက်စီးမှုကို မည်သို့ ကာကွယ်တားဆီးနိုင်မည် သို့မဟုတ် ကြိုတင်ကာကွယ်မှု မည်သို့ပြုလုပ်ရမည်ကို အကောင်းဆုံးဖြစ်အောင် မိမိတို့ကြိုးစားနေကြောင်း အမေရိကန် သုတေသပညာရှင်များက ပြောကြားသည်။**

**မှတ်ဉာဏ်ချို့ယွင်းမှုရောဂါ မဖြစ်ပွားမီ အစောပိုင်းကာလ၌ မိမိတို့အနေဖြင့် ကြိုတင်ကုသမှုအဖြစ် ဦးနှောက်ဆဲလ်များရှင်သန်အောင် ဆောင်ရွက်ပေးရေး ပြုလုပ်ရမည်ဟု အမေရိကန်သုတေသနပညာရှင် ဒေါက်တာ မင်ယင်ဆုက ပြောကြားသည်။** (အင်တာနက်)

# ရန်ကုန်အနောက်ပိုင်းနှင့်အရှေ့ပိုင်းခရိုင်အတွင်းရှိ စာသင်တိုက်ကြီးများသို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁

**ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်များအတွင်းရှိ ပရိယတ္တိစာသင်တိုက်သုံးတိုက်နှင့်ပန်းဘဲတန်းမြို့နယ်ရှိ သန္တနမမ္ဗပါလက ဟိန္ဒူအဖွဲ့ချုပ်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်း ပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သက်နှင်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ ပရိယတ္တိစာသင်တိုက်သုံးတိုက်မှ ပဓာနနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား ၊ဆေးနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ရေ၊လေ)မှ တပ်မတော်အရာရှိကြီး သုံးဦးတို့က ဆရာတော်ကြီးထံ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ဦးလှဌေး–ဒေါ်တင်နွယ်ဦး (မှန်ချိုတိုင်းရင်းဆေး)၊ ထွန်းရွှေဝါ တိုင်းရင်းဆေး၊ ကျော်တိုင်းရင်းဆေး၊ ဆရာကြီး ဦးငွေစိုး–ဒေါ်ရီရီသန်း (နဝင်းတိုင်းရင်းဆေးတိုက်)၊ UNITED ဆောက်လုပ်ရေး၊ ရခိုင်ကြီးဆေးတိုက်၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေး)၊ ဦးရဲအောင်–ဒေါ်လှဲ့လှဲ့ဝင်း(သီရိကုဋေကြွယ်ကုမ္ပဏီ)၊ ဆိပ်ကမ်းမြို့နယ် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊လသာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဦးငြိမ်း–ဒေါ်အုံးကြင် (အိုကေဆန်ရောင်းဝယ်ရေး)၊ပန်းဘဲတန်းမြို့နယ် ဆန်ကုန်သည်ကြီးများအသင်း၊ လသာမြို့နယ် ဘာသာရေးအဖွဲ့၊ အာရှကြီးပွား တိုးတက်ရေး ထုတ်ကုန်သွင်းကုန် ကုမ္ပဏီလီမိတက်၊ ဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့၊ ပန်းဘဲတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ပန်းဘဲတန်းနှင့် ဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပန်းဘဲတန်းမြို့နယ် ဆီကုန်သည်ကြီးများ အပါအဝင် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

## ဆွမ်းပဒေသာပင်လှူဒါန်း

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများပေးအပ် လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုက ငွေကျပ် ၄၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၄၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေး ဖွံ့ဖြိုးရေးကောင်စီဝင်များက ငွေကျပ် နှစ်သိန်း၊ လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် သုံးသောင်း၊ အမှတ်(၁) တပ်မတော်ဆေးရုံက ငွေကျပ် ၈၅၀၀၀၊ ဦးရဲအောင်–ဒေါ်လှဲ့လှဲ့ဝင်း၊ (သီရိကုဋေကြွယ် ကုမ္ပဏီလီမိတက် ကြက်ဆူပင်စိုက်ပျိုးရေးအဖွဲ့)က ငွေကျပ် ၃၅၀၀၀၀၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ် ၃၃၀၀၀၀၊ ဦးမောင်မောင် Aaia Express ဆောက်လုပ်ရေးက ငွေကျပ် သုံးသိန်း၊ ဟိန္ဒူဘာသာဝင် မိသားစုများစုပေါင်း အလှူငွေကျပ် ၂၁၃၈၀၀၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ မြန်မာပြည်သားဟော့ KN ကုမ္ပဏီ၊ BTB ကုမ္ပဏီ၊ သမ္မတသက်နှင်းတိုက် ရဲမှူးကြီးစိုးနိုင်(ငြိမ်း) (နိုင်ဂရုဆောက်လုပ်ရေး)၊ ဒေါ်ကျင်သိန်း (ပန်းဘဲတန်းမြို့နယ်)၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်ကြီးများအသင်း၊ ဦးတင်မြင့် (ASIA King Co., Ltd.) တို့က ငွေကျပ် နှစ်သိန်းစီ၊ K.B International Co., Ltd.ကငွေကျပ် ၁၅၀၀၀၀၊ ဦးကြည်မင်း– ဒေါ်ခင်အေးသန်း (အာနန္ဒာအင်း) မိသားစုက ငွေကျပ် ၁၂၅၀၀၀၊ Myanmar Swiss Singapore Co., Ltd. ကငွေကျပ် ၁၀၁၀၀၀၊ သိမ်ကြီးဈေး ဒီရုံ မိသားစုက ငွေကျပ် ၁၂၀၀၀၀၊ ဦးလှဌေး–ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)က ငွေကျပ် ၁၂၀၀၀၀၊ သီဟသုဓမ္မသိင်္ဂီဒေါ်မြသိန်းနှင့် သား ဦးရန်ရှင်း မိသားစု(ယူနိုက်တက်ဝင်းနားအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်)က ငွေကျပ်၁၁၀၀၀၀၊ မိုးယံရွှေလမင်းထီဆိုင်က ငွေကျပ် ၁၀၈၀၀၀၊ Sri Raj Khetan Ji (Kheten Co., Ltd.) နှင့် Sri Bedu Ji (MLA Internation School) တို့က ငွေကျပ်၁၁၁၀၀၀စီ အပါအဝင်စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ရေစက်ချအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပန်းဘဲတန်းမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်သုံးတိုက်နှင့်သန္တနမမ္ဗပါလက အဖွဲ့ချုပ်တို့သို့ ယနေ့လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၁၇၅အိတ် ၉ ပြည်၊ ဆီ ၁၅၉ပိဿာ ၉၀ သား၊ ဆားပိဿာ ၃၀၀၊ တိုင်းရင်းဆေးမျိုးစုံ ၁၄၈၈ဘူး၊ ပဲ၅၉ပိဿာ ၈၀ သား၊ သွားတိုက်ဆားဘူး ၆၀၊ ဆပ်ပြာ၂၉၉တောင့်နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ ၈၂၇၁၇၃၃ကျပ် ဖြစ်သည်။

## ဆက်ကပ်လှူဒါန်း

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ခြောက်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ မင်္ဂလာရာမ ပါဠိတက္ကသိုလ်၌ ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ခြောက်တိုက်မှ ပဓာနနာယကဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပုဇွန်တောင် ဘုရားဖြူကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တနရိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ လှူဒါန်းသော ဆွမ်း



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဗိုလ်တထောင်မြို့နယ်နှင့်ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ခြောက်တိုက်တို့သို့ တပ်မတော်( ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ ကိုယ်စား တပ်မတော် (ကြည်း၊ရေ၊လေ)မှ တပ်မတော်အရာရှိကြီးသုံးဦးတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

## လှူဖွယ်ပစ္စည်းဆက်ကပ်

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန် အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန် ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေး)၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးသိန်း–ရွှေ့နေချုပ်ရုံး ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ခင်ချိုအုန်း၊ အိုကေဆန်စက်မိသားစု၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးမောင်လှ–ဒေါ်ရွှေစိန်၊ ဒေါ်မြလွင်မိသားစုနှင့် ဧရာဝတီတိုင်းမှ အလှူရှင်ခုနစ်ဦး၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)၊ ဦးရာရီပါတီနှင့် ဦးစိုးနိုင်(ပန်းလှလှကုမ္ပဏီ)၊ သမားတော်ကြီး ဦးကျော်စိန် (ဖြူစင်မေတ္တာဆေးတိုက်)၊ သမားတော်ကြီး ဦးလှဌေး–သီရိသုဓမ္မ သိင်္ဂီဒေါ်တင်နွယ်ဦး၊ ထွန်းရွှေဝါဆေးတိုက်၊ ကေသီပန်ဆေးပရုတ်ဆီနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

## အလှူငွေပေးအပ်

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုက ငွေကျပ် ၆၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၆၀၀၀၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဗိုလ်တထောင်နှင့် ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် သုံးသိန်း၊ ဗိုလ်တထောင်မြို့နယ် အမှတ် ၁၀ရပ်ကွက်မိသားစုက ငွေကျပ်သိန်း၂၀၊ ဗိုလ်တထောင်မြို့နယ် အမှတ် ၆ရပ်ကွက် ၄၃လမ်းမိသားစုက ငွေကျပ် ၁၇၆၇၀၀၀၊ ပုဇွန်တောင်မြို့နယ် အမှတ် ၁၀ရပ်ကွက် ဦးတင့်လွင်နှင့် အဖွဲ့က ငွေကျပ် ၁၆၀၀၀၀၀၊ ဦးမောင်မောင် (Asia Express Co., Ltd.)က ငွေကျပ် ၁၀ သိန်း၊ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း ဆွမ်းလောင်းအသင်းက ငွေကျပ် ရှစ်သိန်း၊ ဦးခင်ဇော်–ဒေါ်ခင်ဆွေဦး (ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး) က ငွေကျပ်ခြောက်သိန်း၊ ဦးဝင်းမြင့် (UMFCCI)၊ဦးကျော်နိုင်ဦး(Naing Group) ဆောက်လုပ်ရေး၊ ဦးကျော်ကျော်လှိုင်–ဒေါ်သဇင်ညွန့် (Smart Technical Service)၊ ဦးကျောက်တောင်–ဒေါ်မချေ (ဒဂုံမြို့နယ်)၊ ဦးအောင်သန်း–ဒေါ်တင်စန်း(မြနှင်းဆီပုန်းရည်ကြီးလုပ်ငန်း၊ ပုဂံညောင်ဦး)၊ ဦးကြည်၊ ဦးညွန့်မောင်နှင့် အဖွဲ့ (၁ ရပ်ကွက် ပုဇွန်တောင်)၊ဦးသောင်းရွှေ၊ ဦးမြ (၅၅လမ်း ပုဇွန်တောင်)၊ ဦးသန်းတင်၊ ဦးတင်မြင့် (၃ရပ်ကွက် ပုဇွန်တောင်)၊ ဦးခင်စိုး–ဒေါ်ခင်မမကြီး (ပုဇွန်တောင်မြို့နယ်)၊ ဦးတင်လှ၊ ဦးအောင်စန်း (၅ ရပ်ကွက် ပုဇွန်တောင်)၊ ဦးဇော်ဇော်ဌေး၊ ဦးအောင်မြင့်( ၆ ရပ်ကွက် ပုဇွန်တောင်)၊ဦးမင်းထွန်း–ဒေါ်သီတာအေး (အနော်ရထာလမ်း ပုဇွန်တောင်)၊ ဦးတင်ဝင်း၊ ဦးလှထွန်း (လိပ်ကန်လမ်း ၇ရပ်ကွက်)၊ ဦးမြင့်စိုး (၈ ရပ်ကွက် ပုဇွန်တောင်)၊ ဦးကျောက်ခဲ–ဒေါ်ရီရီချို(ပုဇွန်တောင်)၊ ဦးသန်းအောင်၊ ဦးအေးမင်း(၉ရပ်ကွက် ပုဇွန်တောင်)၊ ဦးတင့်လွင်(၁၀ရပ်ကွက် ပုဇွန်တောင်)တို့က ငွေကျပ်ငါးသိန်းစီ၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ် ၃၀၃၀၀၀၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ BTB ကုမ္ပဏီ၊ ဦးကျော်ဝင်း–ဒေါ်ခင်ဆွေဦး (မြန်မာသရဖူ ဆောက်လုပ်ရေး)၊ ဦးသက်ဇော်–ဒေါ်ထားထားနွယ်၊ဦးချင်မွှေး(သပြေညို အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) ကျောက်တံတားမြို့နယ်၊ ၃၉လမ်း ဓမ္မာရုံဆွမ်းလောင်းအသင်း၊သုဓမ္မသိင်္ဂီဒေါ်နုနုငယ်(နုငယ်ဆောက်လုပ်ရေး)၊ တမီးလ်ဟိန္ဒူဖောင်ဒေးရှင်းတို့က ငွေကျပ် သုံးသိန်းစီ၊ ဦးမောင်မောင်နှင့်ညီများ(ဂရိတ်ဝေါတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)က ငွေကျပ် ၂၅၀၀၀၀၊ ဦးတင်ဝင်း–ဒေါ်စန်းစန်းဝင်း(KN ကုမ္ပဏီ)၊ဦးစိုးသိန်း–ဒေါ်ခင်ချိုအုန်း (ဓနအောင်ကုမ္ပဏီ)၊ ဦးမြင့်စိုး–ဒေါ်နီနီ (အနော်ရထာလမ်း ပုဇွန်တောင်)၊ ဦးဘားလားကစ္စနား–ဒေါ်မငယ် (ဗိုလ်တထောင်ဈေးလမ်း ပုဇွန်တောင်)၊ ဦးကျော်မိုး–ဒေါ်တင်မြင့်ရီ (၃၅လမ်း)၊ ဦးထွန်း–ဒေါ်စီလုံး မောင်နှမတစ်စု (အိမ်ကြီးလမ်း ပုဇွန်တောင်)၊ ဦးတက်တိုးအောင် (ဗိုလ်တထောင်ဘုရားလမ်း)၊ ဦးမြဟန် (တာဝတိံသာလမ်း ပုဇွန်တောင်)၊ ဟိန္ဒူဆိုရှယ်ကလပ်(၅၁ လမ်း ပုဇွန်တောင်)၊ ဗိုလ်တထောင်မြို့နယ် ဆီကုန်သည်များ၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်း (မြတ်လင်းလက်ကုမ္ပဏီ)နှင့် သမ္မတသက်နှင်းတိုက်တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးရဲအောင်–ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋေကြွယ်ကုမ္ပဏီ)က ငွေကျပ် ၂၀၅၀၀၀ အပါအဝင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတသာရထံမှ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်များအတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ယနေ့လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၂၄၉အိတ် ၁၅ပြည်၊ ဆီ ၁၀၁ပိဿာ ၇၀သား၊ ငါးခြောက်ပိဿာ ၅၀၀၊ အသားတုပိဿာ ၆၀၊ အိုင်အိုဒင်းဆား ၇၁၇ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၃၁၆၂ ဘူး၊ ပဲ ၁၄၃ ဒသမ ၄ ပိဿာ၊ သွားတိုက်ဆားဘူး ၁၄၃ ဘူးနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ ကျပ် ၂၅၂၇၇၀၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

2-10 (06) 1 10/2/06, 1:51 AM

**စာမျက်နှာ ၃ မှ**

"မင်းကွန်းဘိုးဘွားရိပ်သာ"ကို ဆောက်လုပ်လှူဒါန်းခဲ့သည့်အတွက် ၁၂၇၆ ခုနှစ်တွင် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း ပြန်လည်ပေါ်ထွန်းလာခဲ့ကြောင်း။

**လက်ခံစောင့်ရှောက်**

အဘွားဦးဗွန်းသည် ယင်းလူမှုရေးစောင့်ရှောက်မှုလုပ်ငန်းကို မြန်မာပြည်အနှံ့၌ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့သည့်အတွက် ၁၂၈၉ ခုနှစ်တွင် သထုံ၊ ၁၂၉၁ ခုနှစ်တွင် ပေါင်းတည်၊ ၁၂၉၅ ခုနှစ်တွင် ရန်ကုန်-နှင်းဆီကုန်း၊ ၁၂၉၉ ခုနှစ်တွင် ပခုက္ကူစသည့် ဒေသများတွင် ဘိုးဘွားရိပ်သာများပေါ်ပေါက်လာခဲ့ကြောင်း၊ အဘွားမျိုးစေ့ချခဲ့သည့် ဤလုပ်ငန်းကြီးသည် ပိုပြီး ကြီးထွားလာသဖြင့် ယနေ့ဆိုလျှင် မြန်မာတစ်နိုင်ငံလုံးတွင် ဘိုးဘွားရိပ်သာ ၅၂ ခုအထိ ရှိလာပြီး ဘိုးဘွား ၂၁၉၆ ဦးကို လက်ခံစောင့်ရှောက်ထားနိုင်ပြီဖြစ်ကြောင်း။

မိမိတို့ မြန်မာလူမျိုးများသည် စုပေါင်းနေထိုင်သည့် မိသားစုပုံစံ (Extended Family Pattern )နှင့် နေထိုင်ကြသူများဖြစ်သည့်အတွက် မြန်မာ့လူ့ဘောင်သည် အဘိုး၊ အဘွား၊ မိခင်၊ဖခင်၊ ဦးရီး၊ အဒေါ် စသည့် ဆွေမျိုးအကြီးအကဲများနှင့် ဖွဲ့စည်းထားသည့် မိသားစုများအပေါ် အခြေခံပြီး စုစည်းဖြစ်တည်နေခြင်းဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများသည် သားသမီး မြေးမြစ်များ၊ ဆွေမျိုးသားချင်းများ၊ ရပ်ဆွေရပ်မျိုးများ၏ ပြုစုစောင့်ရှောက်မှုကို အလိုအလျောက်ခံယူရရှိပြီးဖြစ်ကြောင်း၊ ယုံကြည်ကိုးကွယ်ရာ ဘာသာရေးတရား၏ အဆုံးအမ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့် လူမှုရေးကျင့်ဝတ်များအရ အသက်အရွယ်နှင့် ဂုဏ်သိက္ခာ ကြီးမြတ်သူများကို ရိုကျိုးလေးစားလေ့ရှိကြကြောင်း၊ မည်မျှပင်ဆင်းရဲနွမ်းပါးသည်ဖြစ်စေ ဘိုးဘွားများသည် ဆွေမျိုးဉာတိများ၏ အကူအညီနှင့် စောင့်ရှောက်ထောက်ပံ့မှုကို ရရှိခံစားကြကြောင်း၊ ထို့ကြောင့် မြန်မာ့လူ့ဘောင်တွင် သက်ကြီးရွယ်အိုများ၏အရေးသည် အပန်းတကြီးဖြေရှင်းစရာ လူမှုရေး ပြဿနာအဖြစ် ကြီးကြီးမားမားရှိမနေဘူးဟု ဆိုနိုင်ကြောင်း။

**သက်တမ်းရှည်လာ**

သို့ရာတွင် မိမိတို့ မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်မြင့်မားလာသည်နှင့်အမျှ လူများ၏ သက်တမ်းသည်လည်း ပိုရှည်လာကြပြီဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်တွင် ကျေးလက်အမျိုးသားများ၏ သက်တမ်းသည် ၅၆ ဒသမ ၂နှစ်၊ အမျိုးသမီး ၆၀ ဒသမ၄ နှစ်ရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် အမျိုးသား ၆၀ ဒသမ၈ နှစ်၊ အမျိုးသမီး ၆၃ ဒသမ၃၂ နှစ်အထိ သက်တမ်းရှည်လာကြပြီဖြစ်ကြောင်း၊ အလားတူပင် ၁၉၈၈ခုနှစ်တွင် မြို့ပြ၌နေထိုင်သည့် အမျိုးသားများ၏ သက်တမ်းသည် ၅၉နှစ်၊ အမျိုးသမီး ၆၃ဒသမ၂ နှစ်သာရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်မှာ အမျိုးသား ၆၁ ဒသမ ၅နှစ်၊ အမျိုးသမီး ၆၅ ဒသမ၆ နှစ်အထိ သက်တမ်းရှည်လာကြပြီဖြစ်ကြောင်း။

ယင်းသို့ လူ့သက်တမ်းမြင့်မားလာသည်နှင့်အမျှ သက်ကြီးရွယ်အို ဦးရေသည်လည်း တိုးပွားလာမှာဖြစ်သည့်အပြင် ဤအထဲတွင် သားထောက် သမီးခံမရှိသည့်သူများ၊ သားသမီး ဆွေမျိုးသားချင်းများက မထောက်ပံ့၊ မစောင့်ရှောက်နိုင်သည့် သက်ကြီးရွယ်အိုဦးရေသည်လည်း အထိုက်အလျောက် တိုးပွားလာမှာ အမှန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် နောင်လာမည့် အနာဂတ်တွင် တိုးပွားလာမည့် သက်ကြီးရွယ်အိုများအတွက် မျှော်မှန်းပြီး ကြိုတင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကြရန်လိုပြီဖြစ်ကြောင်း၊ ထို့ပြင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း၌ ဘိုးဘွားရိပ်သာများကိုသာမက အခြားနည်းလမ်းများနှင့် စောင့်ရှောက်မှုများလည်း ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများ အပါအဝင် အရှေ့အာရှနိုင်ငံများတွင် အိမ်အရောက် စောင့်ရှောက်ခြင်း (Home Care Service or Voluntary-based Service)၊ မိသားစု အခြေပြုစောင့်ရှောက်ခြင်း (Home-based Care Service)၊ ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်း(Community-based Care Service)၊ ဂေဟာငယ်များ တည်ထောင်ဖွင့်လှစ်၍ စောင့်ရှောက်ခြင်း (Group Home Care Service)၊ နေ့စောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း(Day Care Center)နှင့် စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများထူထောင်ခြင်း(Voluntary Elderly Home) နည်းလမ်းများကို ကျင့်သုံးလျက်ရှိကြကြောင်း။

မိမိတို့ မြန်မာနိုင်ငံအနေနှင့်လည်း နောင်တိုးပွားလာမည့် ဘိုးဘွားများအတွက် ဘိုးဘွားရိပ်သာတည်ထောင်စောင့်ရှောက်သည့်နည်းလမ်းသာမက မိမိလူမျိုး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုက်ညီသည့် နည်းလမ်းသစ်များကို စတင်ကျင့်သုံးရန် လိုအပ်နေပြီဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ကိုရီးယားသမ္မတနိုင်ငံ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့တစ်ခုဖြစ်သည့် Help Aged Korea အဖွဲ့က တင်ပြခဲ့သည့် **"အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစနစ်** (Home Care for Older People)" အစီအစဉ်၏ ရှေးဦး အစီအစဉ် အဆင့် (၁)ကို ၂၀၀၃ခုနှစ် ဧပြီလကစပြီး အာဆီယံနိုင်ငံများအတွင်း၌ စတင်ဆောင်ရွက်ခဲ့ကြရာတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ခုနှစ် ဧပြီလကစပြီး ရန်ကုန်တိုင်း အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့၌ ပြည်တွင်း NGOများနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ဆက်လက်ပြီး အစီအစဉ်အဆင့်(၂) (၂၀၀၆-၂၀၀၉)ကို အခြားအာဆီယံနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ဤအစီအစဉ်၏ အဓိကအနှစ်သာရမှာ ဆင်းရဲနွမ်းပါးပြီး စိတ်အားငယ်အထီးကျန်ဆန်နေသည့် ဘိုးဘွားများကို လေ့ကျင့်သင်ကြားပေးထားသည့် စေတနာ့ဝန်ထမ်း(Volunteer) များက ကျန်းမာရေးနှင့် လူမှုရေးအခြေအနေများတိုးတက်မှုရှိစေရန် အိမ်တိုင်ရာရောက် သွားရောက် စောင့်ရှောက်ပေးခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုဓလေ့အရ သက်ကြီးရွယ်အိုများကို တန်ဖိုးထားစောင့်ရှောက်တတ်သည့် အစဉ်အလာများကြောင့် ယင်းအစီအစဉ်သည် အခြားနိုင်ငံများထက် ပိုပြီးအောင်မြင်ရန် အခွင့်အလမ်းကောင်းများ ရှိနေကြောင်း။

**ရည်မှန်းချက်အောင်မြင်**

ထို့ပြင် နိုင်ငံတော်၏ **"လူမှုရေး စွမ်းအားစုကြီး"**များ ဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ကဲ့သို့ လူမှုရေးအဖွဲ့အစည်းများ၏စွမ်းအားဖြင့် ဆောင်ရွက်သွားမှာ ဖြစ်သည့်အတွက် ယင်းအိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးအစီအစဉ်သည် တစ်နိုင်ငံလုံးအနှံ့ ဆောင်ရွက်ရန် အခက်အခဲမရှိနိုင်ခြင်းကြောင့် ရည်မှန်းချက်အောင်မြင်ဖြစ်ထွန်းသည်အထိ ဆက်လက် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ကျင်းပသည့် **"အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့"** အခမ်းအနားကို တက်ရောက်လာကြသည့် ဂုဏ်ပြုခံအသက် ၈၀ ကျော် အဘိုးအဘွားများ အပါအဝင် တိုင်းနှင့် ပြည်နယ်အသီးသီး၌ ရှိကြသည့် သက်ကြီးရွယ်အိုဘိုးဘွားများကိုလည်း ဂုဏ်ပြုငွေနှင့် ဆေးဝါးများ လှူဒါန်းသွားမှာဖြစ်ကြောင်း။

အလားတူပင် သက်ကြီးရွယ်အိုများနေ့နှင့် အခြား နေ့ထူးနေ့မြတ်များမှာသာ ဘိုးဘွားများကိုစောင့်ရှောက်နေရုံနှင့် မလုံလောက်ဘဲ မိမိတို့နေထိုင်ရာပတ်ဝန်းကျင်ရှိ စောင့်ရှောက်ရန်လိုအပ်သော ဘိုးဘွားများကို မိမိတို့တတ်စွမ်းသရွေ့ စောင့်ရှောက်ခြင်း၊ ဘိုးဘွားစောင့်ရှောက်ရေးလုပ်ငန်းများမှာ ဝိုင်းဝန်းကူညီပံ့ပိုးပေးခြင်းဖြင့် မြန်မာ့သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဘိုးဘွားရိပ်သာ အသစ်တွေဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း လှူဒါန်းလိုကြသလို လက်ရှိတည်ထောင်ပြီး ဘိုးဘွားရိပ်သာများ၏ ရေရှည် တည်တံ့ခိုင်မြဲရေးကိုလည်း ဆက်လက်ကြိုးပမ်းလှူဒါန်း ဆောင်ရွက်ပေးကြပါ၊ **"မြန်မာ့စိတ်ရင်း ကူညီခြင်း"** ဆိုတဲ့ မြန်မာတို့ရဲ့မြတ်နိုးဖွယ်ရာ ဓလေ့စရိုက်နဲ့လိုက်လျောညီထွေဖြစ်တဲ့ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေး လုပ်ငန်းကိုလည်း ဝိုင်းဝန်းကူညီဖော်ဆောင်ပေးကြပါ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်သစ်ကြီးရဲ့အသီးအပွင့်တွေကို အခြားနိုင်ငံသူ၊ နိုင်ငံသားများနည်းတူ သက်ကြီးရွယ်အိုဘိုးဘွားများ ခံစား၊ စံစားနိုင်အောင်**"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ စွမ်းဆောင်ပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများက အသက် ၈၅နှစ်ရှိ ဦးတင့်အောင် (ဗိုလ်ကလေးတင့်အောင်)၊ အသက် ၉၃နှစ်ရှိ ဦးဗကလေး (ကာတွန်း ဦးဗကလေး)၊ အသက် ၈၉နှစ်ရှိ ဝဏ္ဏကျော်ထင် ဦးစိန်မြမောင်၊ အသက်၈၉ နှစ်ရှိ ဦးစံသိမ်း(သီဟဆွေ)၊ အသက် ၈၈ နှစ်ရှိ ဒေါ်မေနွဲ့၊ အသက်၈၈နှစ်ရှိ ပန်းချီဆရာကြီး ဦးသုခ၊ အသက် ၈၈ နှစ်ရှိ ဒေါ်ကြန်(မကြန်)၊ အသက်၈၈ နှစ်ရှိ ဒိုင်ဗင်တင်လှ၊ အသက် ၈၆နှစ် ရှိ ဘင်ဂျို ဦးမောင်မောင်၊ အသက်၈၆နှစ်ရှိ ဦးတင်ယု၊ အသက်၈၆နှစ်ရှိ ဗိုလ်မှူးထွန်းငြိမ်း (အငြိမ်းစား)၊ အသက် ၈၆နှစ်ရှိ ဒေါ်ရင်ရင် (စောမုံညင်း)၊ အသက်၈၅နှစ်ရှိ ပန်းထိမ်ပညာရှင် ဆရာကြီးဦးမှို၊ အသက် ၈၅နှစ်ရှိ ဒေါ်အောင်သန်းတင်၊ အသက် ၈၅နှစ်ရှိ ဦးလှကြိုင်(ပါရဂူ)၊ အသက် ၈၅နှစ်ရှိ ဦးထိန်လင်း(ကိုကိုထွန်း)၊ အသက်၈၅ နှစ်ရှိ ဦးစိန်ဝင်း(ဂါဒီယန်စိန်ဝင်း)၊ အသက်၈၅နှစ်ရှိ သခင်လှကွန်း(ဖိုးညို)၊ အသက်၈၅နှစ်ရှိ ဦးကျော်ဆန်း(သုခိအောင်)၊ အသက် ၈၄နှစ်ရှိ ဗိုလ်မှူးကြီးစောမြင့်(အငြိမ်းစား)(မှူးသမိန်)၊အသက် ၈၃နှစ်ရှိ ဦးမြင့်စိုး၊ အသက် ၈၃နှစ်ရှိ ဦးသာဒင်၊ အသက်၈၃နှစ်ရှိ ဦးစိန်လှမြိုင်၊ အသက်၈၃နှစ်ရှိ ဦးကျော်ဝင်း (ညိုဝင်း)၊ အသက်၈၂နှစ်ရှိ ဒေါ်ဟသ်ာကြည်၊ အသက် ၈၂နှစ်ရှိ ဦးစဝ်ထွန်းမှတ်ဝင်း၊ အသက် ၈၂နှစ်ရှိ ဦးလေးမြိုင်(လေးမြိုင်)၊ အသက် ၈၂နှစ်ရှိ ဒုတိယဗိုလ်မှူးကြီးခင်မောင်သောင်း(အငြိမ်းစား)၊ အသက် ၈၂နှစ်ရှိ ဦးတင်မောင် (သိပ္ပံမှူးတင်)၊ အသက်၈၂နှစ်ရှိ ဦးလှမြိုင်(ကိုဆောင်း)၊ အသက် ၈၁နှစ်ရှိ ဆရာကြီး ဦးတင်စိုး(သာဂဒိုး)၊အသက် ၈၁နှစ်ရှိ ဦးစံဝင်း၊ အသက် ၈၀ရှိ ဦးမြကြီးနှင့် အသက်၈၀ရှိ ဆရာကြီး ဦးမောင်မောင်ခင် (တက္ကသိုလ် မောင်မောင်ခင်)တို့အား ဂါရဝပြုလက်ဆောင်ပစ္စည်းများ၊ ဂုဏ်ပြုငွေနှင့်ဆေးဝါးများ ပေးအပ်ကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ပြည်နယ်နှင့်တိုင်းများရှိ ဘိုးဘွားရိပ်သာ ၄၅ ခု၊ ပြည်နယ်နှင့်တိုင်းများရှိ အသက်အကြီးဆုံး အဘိုး ၁၇ဦးနှင့် အဘွား ၁၇ဦး၊ ထူးချွန် အဘိုး ၁၄ဦးနှင့် ထူးချွန်အဘွား ကိုးဦးတို့အတွက် အလှူငွေ စုစုပေါင်း ငွေကျပ် ၃၁၇၀၀၀၀ကို ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစစ်မြိုင်ထံ ပေးအပ်သည်။

ယင်းနောက် ဂုဏ်ပြုခံ အဘိုးအဘွားများကိုယ်စား ဦးတင့်အောင် (ဗိုလ်ကလေးတင့်အောင်)က လည်းကောင်း၊ ဘိုးဘွားရိပ်သာများမှ တက်ရောက်လာကြသော အဘိုး၊ အဘွားများကိုယ်စား နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ ဦးစိုးသိန်းကလည်းကောင်း ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**



**ပေးအပ်ချီးမြှင့်**

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့တွင် ဂုဏ်ပြုခံ အဘိုးတစ်ဦးအား ဂုဏ်ပြုငွေနှင့် ဆေးဝါးများ ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)



**ပေးအပ်**

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့တွင် ဂုဏ်ပြုခံ အဘိုးတစ်ဦးအား ဂုဏ်ပြုငွေနှင့် ဆေးဝါးများ ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၉)ဖြန့်ချီ

**ရန်ကုန် အောက်တိုဘာ ၁**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၉)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အခန်းဆက်ကိုရီးယားခရီးသွားဆောင်းပါးဟန်မြစ်တစ်ဖက်ကမ်းက အမ်ဘီစီ၊ သေချာစုံစမ်းပြီးမှ ကာတာသွားပါ၊ MRTV-4ကို ရန်ကုန်မြို့တွင် အခမဲ့ထုတ်လွှင့်တော့မည်၊ ရန်ကုန်တက္ကသိုလ်ပါဝင်သော အာဆီယံ အွန်လိုင်း တက္ကသိုလ်ကြီးပေါ်ထွန်းဖွယ်ရှိ၊ နန်ယန်းနည်းပညာတက္ကသိုလ် မဟာဘွဲ့ သင်တန်းများအတွက် ပညာသင်ဆု အွန်လိုင်းမှ လျှောက်ထားနိုင် စသည့်ပြည်တွင်းရေးရာ သတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ကွင်းအသစ် ကစားသမားအသစ်နဲ့ ပိုပြီးစတိုင်ကျလာတဲ့ လန်ဒန်မြို့ကြီးသား အာဆင်နယ် အားကစားသတင်းဆောင်းပါးနှင့်အတူ ထိုင်းစစ်သည်များ ပြုံးပြုံးကြီးနေပြရန် အာဏာသိမ်းခေါင်းဆောင်များက အမိန့်ထုတ်ပြန်၊ ကွေးမြစ်တံတား ဇာတ်ဝင်တေးရေးဆရာ ကွယ်လွန်၊ ထိုင်းကြားဖြတ်ဝန်ကြီးချုပ်အဖြစ် အငြိမ်းစား ဗိုလ်ချုပ်ကြီး ဆူရာယုဒ်ချူလာနွန်ကို လျာထားပြီ၊ ဗြိတိန်ဝန်ကြီးချုပ်ကတော် ကျောင်းသားကလေးကို ပါးရိုက်မှု ရဲအဖွဲ့က စုံစမ်းမေးမြန်းစသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။

**(သတင်းစဉ်)**

# သာမန်လုပ်ရိုးလုပ်စဉ်ပုံစံမျိုး လုပ်ကိုင်နေ၍မဖြစ် အချိန်နှင့်အမျှ တက်တက်ကြွကြွ လိုလိုလားလားလုပ်ကိုင်

● ရှေ့ဖုံးမှ

## တက်ရောက်

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲအရာရှိကြီးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ စည်းကမ်းစနစ်ကျသည့် အဖွဲ့အစည်းဖြစ်ရေး၊ ပြည်သူလေးစားအားကိုးသော အဖွဲ့အစည်းဖြစ်ရေး၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ခိုင်မာသည့် အရန်အင်အားစုဖြစ်ရေးတို့အတွက် ရဲတပ်ဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အခြေခံကျကျ လုပ်ကိုင်ဆောင်ရွက်လာခဲ့သည်မှာ ယခုဆိုလျှင် ၁၀နှစ်ကျော် ၁၁နှစ်ခန့် ရှိပြီးဖြစ်ကြောင်း။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## တိုးတက်အောင်မြင်မှုရရှိ

ပုံသဏ္ဌာန်အရရော အနှစ်သာရအရပါ ပြုပြင်ပြောင်းလဲလာအောင် ရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးက တက်တက်ကြွကြွနှင့် နားလည်မှုရှိရှိ လိုက်နာအကောင်အထည်ဖော်ခဲ့ကြသည့်အတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ တိုးတက်အောင်မြင်မှုများ ဆက်တိုက်ရရှိလာလျက်ရှိသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း။

သို့ရာတွင် ဤတိုးတက်ရရှိလာသည့် အောင်မြင်မှုများအပေါ် တင်းတိမ်ကျေနပ်မနေဘဲ နိုင်ငံတော်က အလေးအနက်ထားပြီး မြင့်မြင့်မားမား မျှော်မှန်းထားသည့်အတိုင်း မျိုးချစ်စိတ်ဓာတ်ရှိသည့်တပ်ဖွဲ့၊ စွမ်းရည်ပြည့်ဝသည့်တပ်ဖွဲ့၊ ခေတ်မီသည့်တပ်ဖွဲ့စသော ဂုဏ်ဒြပ်များဖြင့် ပြည့်ဝသည့်တပ်ဖွဲ့ဖြစ်လာရေးအတွက် ဆက်လက်ကြိုးပမ်း အားထုတ်ကြရဦးမည်ဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်တစ်ဦးချင်း၏ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်ကျင့်တရား၊ ပြည်သူလူထုအပေါ် စာနာစိတ်၊ ကူညီလိုစိတ်တို့ကို အဆက်မပြတ် ပြုစုပျိုးထောင်သွားကြရဦးမှာဖြစ်ကြောင်း။

## ကွဲပြားခြားနားမှုရှိ

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီး၏ အုပ်ချုပ်ရေးယန္တရားကို ကြည့်လျှင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားခြားနားမှုများ ရှိနေကြသော်လည်း ရဲတပ်ဖွဲ့မှာမူ အုပ်ချုပ်ရေးယန္တရား၏ အင်္ဂါစဉ်တစ်ခုအဖြစ် ရပ်တည်ပါဝင်လျက်ရှိသည်ကို မြင်တွေ့ကြရမှာဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိန်းသိမ်းကာကွယ်ရန်အပြင် ပြည်သူလူထုကို ဥပဒေနှင့်အညီ စောင့်ရှောက်ကူညီရန်စသည့် ကောင်းမြတ်သော ရည်ရွယ်ချက်အတွက် နိုင်ငံတိုင်း၌ ရဲတပ်ဖွဲ့ကို ဖွဲ့စည်းထားခြင်းဖြစ်သည်ဟု ယေဘုယျအားဖြင့် ဖွင့်ဆိုကြရမှာဖြစ်ကြောင်း၊ သို့သော်လည်း ရဲတပ်ဖွဲ့ကို ဖွဲ့စည်းလေ့ကျင့်မှု၊ အသုံးချမှုများအပေါ် မူတည်ပြီး ရဲတပ်ဖွဲ့၏ အခန်းကဏ္ဍသည် အမျိုးမျိုးပြောင်းလဲသွားကြရခြင်းဖြစ်ကြောင်း၊ တချို့သောခေတ်ကာလ၊ တချို့သောနိုင်ငံ၌ ရဲတပ်ဖွဲ့သည် အုပ်ချုပ်သူလူတန်းစား၏ ဖိနှိပ်ရေးကိရိယာအဖြစ် အသုံးချခံရပြီး နာမည်ဆိုးထွက်ခဲ့ရခြင်းမျိုးများ ရှိကြကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သမိုင်းကိုပြန်ကြည့်လျှင် ကိုလိုနီနယ်ချဲ့စနစ်၏ လက်အောက်၌ ပုလိပ်အဖွဲ့အဖြစ် ဖွဲ့စည်းဖြစ်ပေါ်ခဲ့ရသည့် ခါးသီးသောဘဝ အတွေ့အကြုံများ ရှိပြီးဖြစ်ကြောင်း၊ ကိုလိုနီခေတ်က အတွေးအခေါ်၊ အကျင့်စရိုက်များကို ပယ်ဖျောက်ပြီး ပြည်သူနှင့်တစ်သားတည်း တစည်းတလုံးတည်း ခံယူ၊ ပြည်သူကို ကူညီစောင့်ရှောက်လိုသည့်စိတ်ဓာတ်၊ တိုင်းပြည်နှင့် လူမျိုးကို ချစ်သည့်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပွားများတည်ဆောက်သွားကြရမှာဖြစ်ကြောင်း။

ပင်မ ရဲလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ အဂတိတရားလေးပါးကို ရှောင်ရှားရန်၊ တံစိုးလက်ဆောင်များ၊ လာဘ်ပေးလာဘ်ယူမှုများ မပြုလုပ်မိကြရန်၊ မိမိဌာန မိမိတပ်ဖွဲ့၏ဂုဏ်သိက္ခာကို အမြဲထောက်ထားကြရန် အမှန်လိုအပ်ပါကြောင်း၊ လူသည် အတ္တအခြေခံရှိသည့်အတွက် တစ်ချိန်မဟုတ်တစ်ချိန်၊ တစ်နေရာမဟုတ် တစ်နေရာ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်သည့် အားနည်းချက်များရှိကြောင်း၊ ဤအားနည်းချက်များကို သတိရှိရှိ ထိန်းကိုင်ထားနိုင်ရမှာဖြစ်ကြောင်း။

## ဝိုင်းဝန်းထိန်းသိမ်း

မှုခင်းများဖော်ထုတ်ရာတွင် သွက်လက်မြန်ဆန်ရန် လိုအပ်သကဲ့သို့ ပစ္စည်းသက်သေ၊ လူသက်သေပြည့်ပြည့်စုံစုံဖြင့် တရားခံအစစ်အမှန်ကို ဖော်ထုတ်နိုင်ရမှာဖြစ်ကြောင်း၊ တရားဥပဒေကို စောင့်ရှောက်ထိန်းသိမ်းသူများဖြစ်သည့်အတွက် တရားရေးမဏ္ဍိုင် တည့်မတ်မှန်ကန်အောင် ရဲလုပ်ငန်းပိုင်းနှင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးရမှာဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်ရာ၌ သွက်လက်ထက်မြက်ပြီး သန့်ရှင်းစင်ကြယ်သည့် အုပ်ချုပ်ရေးယန္တရားသည် မရှိမဖြစ် လိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးယန္တရားတွင် အင်္ဂါစဉ်ဝင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော ရဲတပ်ဖွဲ့ကို ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွတ်အောင်၊ နိုင်ငံတော်နှင့် ပြည်သူကို အကျိုးပြုနိုင်အောင်၊ ပြုပြင်ပြောင်းလဲမှုများကို တွန်းတွန်းတိုက်တိုက် လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

## ကြိုးပမ်းစီမံ

ကြုံကြိုက်၍ ရှင်းလင်းပြောကြားရမည်ဆိုလျှင် ကမ္ဘာ့နိုင်ငံများ၌ နိုင်ငံအလိုက် မိမိတို့၏ အုပ်ချုပ်ရေးစနစ်များကို ထိရောက်မှန်ကန်ရန်၊ သွက်လက်မြန်ဆန်ရန် မိမိလုပ်ငန်းအပေါ် မိမိတာဝန်ခံနိုင်ရန်၊ ပြည်သူများ၏ အကျိုးစီးပွားနှင့် လိုအပ်ချက်များကို လိုလိုလားလား ဖြည့်ဆည်းပေးနိုင်ရန်ဆိုပြီး ပြုပြင်ပြောင်းလဲမှုများ လုပ်ကိုင်လျက်ရှိကြကြောင်း၊ ခြုံလိုက်လျှင် ထက်မြက်သွက်လက်ထိရောက်သည့် ဝန်ဆောင်မှု (Quality Service) ပေးနိုင်အောင် ကြိုးပမ်းစီမံနေကြခြင်းဖြစ်ကြောင်း။

ထို့ကြောင့်လည်း Good Governance ဆိုသည့်စကားလုံးသည် အုပ်ချုပ်ရေးဘာသာရပ်တွင် ခေတ်စားလာခြင်းဖြစ်ကြောင်း၊ သန့်ရှင်းသည့် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ကို ထူထောင်နိုင်မှလည်း ပြည်သူက အုပ်ချုပ်ရေးစနစ်အပေါ် ယုံကြည်လေးစား အားကိုးမှာဖြစ်ကြောင်း။

တိုင်းပြည်၏ အုပ်ချုပ်ရေးစနစ်တွင် အကျုံးဝင်သည့် နယ်ပယ်သည် ကျယ်ပြန့်သလို ဝန်ထမ်းအမျိုးအစား အရေအတွက်သည်လည်း ကြီးမားပါကြောင်း၊ အုပ်ချုပ်မှုလုပ်ငန်းကိစ္စ၊ ရဲလုပ်ငန်းကိစ္စ၊ တရားရုံးကိစ္စတို့သာမက အခြားဆက်စပ်နေသည့် စီးပွားရေး၊ လူမှုရေးနယ်ပယ်စုံမှ ရုံးလုပ်ငန်းကိစ္စများအထိ အကျုံးဝင်နေကြောင်း။

## ခေတ်နှင့်အညီ

ထို့ကြောင့် **အုပ်ချုပ်ရေးမဏ္ဍိုင်သည် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အရေးအရာအားလုံး၏ အဓိကမဏ္ဍိုင်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုကောင်းရန်၊ အုပ်ချုပ်မှုခိုင်မာ သွက်လက်ထက်မြက်ရန်ဆိုသည်မှာ ဖွဲ့စည်းမှုပုံသဏ္ဌာန် မှန်ကန်ရန်လိုအပ်သလို လုပ်ကိုင်ပုံနည်းစနစ်များသည်လည်း ခေတ်နှင့်အညီဖြစ်နေရန်လိုအပ်ကြောင်း။**

ယနေ့နိုင်ငံတော်သည် ခေတ်သစ်တစ်ခုကို ညင်သာစွာ ကူးပြောင်းရန်အတွက် ဘက်စုံကဏ္ဍစုံမှ ပြင်းပြင်းထန်ထန် အရှိန်ယူနေသည့်ကာလ၊ တစ်နည်းအားဖြင့် Take off ကာလဖြစ်ကြောင်း၊ သာမန်လုပ်ရိုးလုပ်စဉ်ပုံစံမျိုး လုပ်ကိုင်နေ၍မဖြစ်ဘဲ အချိန်နှင့်အမျှ တက်တက်ကြွကြွ လိုလိုလားလား အလုပ်ကို အားထုတ်လုပ်ကိုင်နေကြရမှာဖြစ်ကြောင်း။

## ပူးတွဲထမ်းဆောင်

ဒေသအဆင့်အလိုက် ဖွဲ့စည်းထားသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းအဖြစ် ရယက၊ မယက၊ ခယက၊ တယက/ပယကများတွင် (ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်မှအပ) ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ခံများသည် လက်တွေ့ကျကျ ပါဝင်လျက်ရှိကြကြောင်း။



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၆ခုနှစ် ရဲဒုတိယတပ်ကြပ်အဆင့် စံပြရဲရွေးချယ်ခံရပြီး ရဲကျင့်ဝတ် ဒုတိယတပ်ကြပ်အဆင့်တွင် ပထမဆုရရှိသည့် ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့ရုံးမှ ရဲဒုတိယတပ်ကြပ်ကျော်မျိုးဦးအား စံပြရဲစလွယ် ပေးအပ်ပြီး တိုးမြှင့်ခြင်းခံရသည့် အဆင့်တံဆိပ် တပ်ဆင်ပေးစဉ်။** (သတင်းစဉ်)

နယ်မြေဒေသအဆင့်အလိုက် တာဝန်ရှိကြသည့် ရဲတပ်ဖွဲ့မှူးများသည် မိမိတို့၏ ရဲလုပ်ငန်းတာဝန်များကိုသာမက ဒေသဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ လုပ်ငန်းတာဝန်များကိုပါ ကျေကျေပွန်ပွန် ပူးတွဲထမ်းဆောင်ကြရမှာဖြစ်ကြောင်း။

ယခုကဲ့သို့ **ရဲတပ်ဖွဲ့တာဝန်ခံများကို ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၌ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ထားခြင်းသည် အုပ်ချုပ်ရေးလုပ်ငန်းသဘောအရ အဆက်အစပ်ရှိနေရုံသာမက ခေတ်ပြောင်း၊ စနစ်ပြောင်းနေသည့် အသွင်ကူးပြောင်းရေးကာလ၏ လိုအပ်ချက်များအရ တာဝန်ပေးအပ်ထားခြင်းလည်းဖြစ်ကြောင်း။**

## မျှဝေထမ်းဆောင်

တစ်ဖက်မှ ရဲလုပ်ငန်းကို လုပ်ကိုင်နေသလို တစ်ဖက်မှလည်း ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝပြည့်စုံရေး၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး စသည့် ကျယ်ပြန့်သော အုပ်ချုပ်ရေးအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များကို မျှဝေထမ်းဆောင်နေကြရခြင်းဖြစ်ကြောင်း၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၌ ကိုယ်တိုင်ပါဝင်ထမ်းဆောင်ခဲ့ရသည့် ကိုယ်ပိုင်အတွေ့အကြုံများ ရှိပြီးဖြစ်ကြသည့်အတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ မြားမြောင်ကျယ်ပြန့်လှသော လုပ်ငန်းသဘာဝအခြေအနေကို လက်တွေ့သိရှိကြပြီးဖြစ်ကြောင်း။

အရေးကြီးသည်မှာ ရဲတပ်ဖွဲ့တာဝန်ခံများသည် ရဲလုပ်ငန်းကိုပဲ မိခင်ဌာနလုပ်ငန်း၊ အဓိကလုပ်ငန်းအဖြစ် ကွက်ပြီးမရှုမြင်ဘဲ ဒေသဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များအဖြစ် အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကိုကျေပွန်အောင် အလေးအနက် ထမ်းဆောင်ရန်ဖြစ်ကြောင်း၊ ဤကဲ့သို့ ပူးတွဲထမ်းဆောင်ရသည့် မိမိတို့တာဝန်ပိုင်း၏ လေးနက်မှုကို မှန်မှန်ကန်ကန် နားလည်ကြရန်၊ မိမိ၏တန်ဖိုး၊ ဌာန၏တန်ဖိုးကို မြှင့်တင်ကြရန်လိုကြောင်း၊ ထို့ကြောင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ကျယ်ပြန့်သည့်အမြင်၊ ကျယ်ပြန့်သည့် အသိပညာ (Wider Views, Wider Knowledge) ရရေးအတွက် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒများကိုလည်း အမြဲတမ်းလေ့လာဆည်းပူးပြီး မှန်မှန်ကန်ကန် ကျင့်သုံးအကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းအားထုတ်နေကြရမှာဖြစ်ကြောင်း၊ ခေတ်သစ်ထူထောင်ရေး၊ တိုင်းကျိုးပြည်ပြုလုပ်ငန်းများ ထူထောင်ရေးတို့သည် ရဲတပ်ဖွဲ့၏ လုပ်ငန်းတစ်ခုလုံး ပြုပြင်ပြောင်းလဲရေးနှင့် အကြောင်းအကျိုး ဆက်စပ်နေသည်ဆိုသည့် သဘောကို နားလည်ခံယူ ကျင့်သုံးကြရန်ဖြစ်ကြောင်း။

## ပြုပြင်ဆောင်ရွက်

ယနေ့ မိမိပါဝင်နေသည့်ရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲနေသကဲ့သို့ နောင်ဖြစ်ပေါ်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကိုမျှော်မှန်းပြီး ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများကိုလည်း အလိုက်သင့် အလျားသင့် ပြုပြင်ပြောင်းလဲလျက်ရှိကြောင်း၊ ဖွဲ့စည်းမှုအပိုင်းကို ကျစ်ကျစ်လျစ်လျစ်ဖြစ်အောင်၊ လုပ်ကိုင်ဆောင်ရွက်မှုအပိုင်းမှာ ထက်မြက်လာအောင် ပြုပြင်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ပြည်သူအများနှင့် အမြဲထိတွေ့ဆက်ဆံနေသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်မှစပြီး ပြည်နယ်၊ တိုင်းအဆင့်အားလုံးကို ပြုပြင်ပြောင်းလဲရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ခိုင်မာသည့် အခြေခံအင်အားအဖြစ် ဆက်လက်ပါဝင် တာဝန်ယူနေရမှာဖြစ်ကြောင်း၊ အလားတူပင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများကလည်း အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တွင် အရေးကြီးသည့် ဦးစီးတာဝန်ခံများအဖြစ် ဆက်လက်တိုးချဲ့ တာဝန်ယူကြရမှာဖြစ်ကြောင်း။

## ဒေသတည်ငြိမ်အေးချမ်းမှု

ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် မိမိတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ပြည်သူများအပေါ် ထိထိရောက်ရောက် အကျိုးပြုနိုင်ရန်၊ မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများသည် ပြည်သူအပေါ်

ဖိစီးမှုသဘော ဝန်ထုပ်ဝန်ပိုးသဘော ဖြစ်မသွားစေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပြည်သူများနှင့်ပူပေါင်းပြီး အကောင်အထည်ဖော်နိုင်ရန်၊ ဒေသတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်ကြောင်း။

**အထူးသတိပြု**

ဤဖြူစင်မွန်မြတ်သည့် တာဝန်များကို မိမိတို့တစ်ဦးချင်း၏ အားနည်းချို့ယွင်းမှုကြောင့်ဖြစ်စေ၊ အဖွဲ့အလိုက် လုပ်ကိုင်ဆောင်ရွက်ပုံ နည်းစနစ်မမှန်၍ပဲဖြစ်စေ၊ တာဝန်မကျေပွန်၍ပဲဖြစ်စေ အောင်မြင်အောင် မထမ်းဆောင်နိုင်ခဲ့လျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသဖွံ့ဖြိုးမှုတို့ကို အဟန့်အတားဖြစ်သွားစေနိုင်သည်ဆိုသည်ကို အထူးသတိပြုကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ကရော၊ အစိုးရဝန်ထမ်းအဖွဲ့အစည်းအားလုံးကပါ အားနည်းမှု၊ ချို့ယွင်းမှု၊ လစ်ဟာမှု၊ တာဝန်မကျေပွန်မှုများ မဖြစ်ပေါ်ရအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်ကြီး၏ ခေတ်သစ် စနစ်သစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကြီးကို ညီညီညွတ်ညွတ် ပူးပေါင်းအကောင်အထည် ဖော်သွားကြရန်ဖြစ်ကြောင်း။

**စံနမူနာပြ လေးစားလိုက်နာ**

အများပြည်သူကို ဥပဒေနှင့်အညီ နေထိုင်ကျင့်ကြံကြရန် စည်းကမ်းလိုက်နာကြရန်၊ ထိန်းသိမ်းကြပ်မတ်ပြုပြင်သွားရမည့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များကိုယ်တိုင်က ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို နားလည်ရုံသာမက စံနမူနာပြ လေးစားလိုက်နာရန် အထူးလိုအပ်ကြောင်း၊ ပြည်သူအမြင်တွင် စက်ဆုပ်ဖွယ်ရာ၊ အကြည်ညိုမဲ့ဖွယ်ရာများကို လုံးဝမပြုလုပ်မိကြရန် မိမိ၏ရာထူး၊ မိမိ၏ဂုဏ်သိက္ခာ၊ မိမိတပ်ဖွဲ့၏မျက်နှာကို ထောက်ထားနိုင်သည့် ဆင်ခြင်တုံတရားများ ရှင်သန်နေရန် အရေးကြီးကြောင်း။

**ယနေ့ နိုင်ငံတကာအခြေအနေမှာ နိုင်ငံငယ်များအနေဖြင့် အင်အားကြီးနိုင်ငံအချို့၏ ရုပ်သေးအစိုးရမျိုး၊ အခြွေအရံအစိုးရမျိုးအဖြစ် သက်ဆင်းမသွားရအောင် သတိတရား လက်ကိုင်ထားပြီး ပြင်းပြင်းထန်ထန် ရုန်းကန်အားထုတ်နေကြရသည့် ဖြစ်စဉ်ဖြစ်ရပ်များ ပေါ်ပေါက်လာလျက်ရှိကြောင်း။**

**ဖိဖိစီးစီးအားထုတ်**

**မိမိ၏ ကံကြမ္မာကို မိမိဖန်တီးပိုင်ခွင့်ကို ထိပါးလာသည်အထိ ဖိအားပေးမှု၊ အကျပ်ကိုင်မှု၊ ပိတ်ပင်မှုများကို ကြုံတွေ့နေရသည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင်လမ်းကြောင်းမှန်ဖြင့် နိုင်ငံတော်သစ်ကို ရဲရဲဝံ့ဝံ့ ကြိုးကြိုးစားစား ထူထောင်သွားကြရမှာ ဖြစ်ကြောင်း၊** ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အတိုင်း ပြည်သူလူထု၏ ညီညွတ်မှုစွမ်းအားနှင့် ဖန်တီးနိုင်မှုစွမ်းအားသည် အဓိက အခရာဖြစ်ကြောင်း အလေးအနက်ခံယူပြီး လုပ်ငန်းတာဝန်များကို ဖိဖိစီးစီး အားထုတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဆုများကိုချီးမြှင့်ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက ၂၀၀၆ခုနှစ် ရဲကျင့်ဝတ်စာမေးပွဲ ရဲတပ်ကြပ်ကြီးအဆင့်တွင် ပထမဆုရရှိသည့် ပဲခူးတိုင်း(အနောက်ပိုင်း) ရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီး စိုးနိုင်နှင့် ရဲတပ်သားအဆင့်တွင် ပထမဆုရရှိသည့် မှုခင်းတပ်ဖွဲ့မှ ရဲတပ်သား အောင်လွင်မိုးတို့အား ဆုများချီးမြှင့်သည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ၂၀၀၆ခုနှစ် ရဲကျင့်ဝတ်စာမေးပွဲ ဒုတိယရဲမှူးအဆင့်တွင် ပထမဆုရရှိသည့် ချင်းပြည်နယ် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကျော်စိုးနှင့် ဒုတိယရဲအုပ်အဆင့်တွင် ပထမဆုရရှိသည့် မှုခင်းတပ်ဖွဲ့မှ ဒုတိယရဲအုပ် ရဲထွဋ်တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ၂၀၀၆ခုနှစ် ရဲဒုတိယတပ်ကြပ်အဆင့် စံပြရဲရွေးချယ်ခံရပြီး ရဲကျင့်ဝတ် ဒုတိယတပ်ကြပ်အဆင့်တွင် ပထမဆုရရှိသည့် ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့ရုံးမှ ရဲဒုတိယတပ်ကြပ် ကျော်မျိုးဦးအား စံပြရဲစလွယ်ပေးအပ်ပြီး တိုးမြှင့်ခြင်းခံရသည့် အဆင့်တံဆိပ် တပ်ဆင်ပေးကာ ဆုငွေချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ရဲအရာရှိကြီးများ၊ ရဲတပ်ဖွဲ့ဝင်များအား နှုတ်ဆက်သည်။

**မှတ်တမ်းပုံများကြည့်ရှု**

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အဝင်ခန်းမအတွင်း ခင်းကျင်းပြသထားသော နိုင်ငံဖြတ်ကျော်မှုခင်းဌာန (Department Against Trans national Crime)၏ မှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးဌာန၏ ၂၀၀၆ခုနှစ်အတွင်း မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိထူးခြားဖြစ်စဉ် မှတ်တမ်းဓာတ်ပုံများ၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့၏ ၂၀၀၆ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အထူးတာဝန်တပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ နေပြည်တော်ရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးရုံး၏ စွမ်းဆောင်ချက် မှတ်တမ်းဓာတ်ပုံများ၊ မှုခင်းတပ်ဖွဲ့က အောင်မြင်စွာ ဖော်ထုတ်ခဲ့သောအမှုများ၏ မှတ်တမ်းဓာတ်ပုံများ၊ သတင်းတပ်ဖွဲ့၏ ထူးခြားစွမ်းဆောင်ချက်မှတ်တမ်းဓာတ်ပုံများ၊ စည်ပင်သာယာတပ်ဖွဲ့နှင့် ရထားတပ်ဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

# SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူများ မိုင်းဖြတ်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာသို့ ဝင်ရောက်၍ မီးရှို့ လူသတ်၊ ပစ္စည်းများ အဓမ္မလုယက်ယူဆောင် မီးရှို့ဖျက်ဆီးခံရသည့်ကျေးရွာများ ပြန်လည်ထူထောင်ရေးအတွက် တာဝန်ရှိသူများက ငွေ၊ အဝတ်အထည်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်း သောင်းကျန်းသူများနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်း ချေမှုန်းလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁

**ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) SSA-S အမည်ခံ ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် အပြစ်မဲ့ပြည်သူလူထုအား အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခြင်း၊ မိုင်းထောင်ဖုံးခွဲခြင်း၊ ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ရွာသူရွာသားများအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းတို့ဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့ကို အကြမ်းဖက်နှောင့်ယှက် တိုက်ခိုက်လျက်ရှိသည်။**

**အဓမ္မလုယက်ယူဆောင်**

စက်တင်ဘာ ၁၅ ရက်ကလည်း SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် နန့်ပန်အုပ်စု နန့်ဖယ်ကျေးရွာ၊ ဟွေပါကူး(အပေါ်)ရွာ၊ ဟွေပါကူး (အောက်)ရွာနှင့် ဘူးဖာကျေးရွာများသို့လည်းကောင်း၊ မိုင်းဟဲအုပ်စုမှ ရခင်ကျေးရွာသို့လည်းကောင်း အဖွဲ့သုံးဖွဲ့ခွဲ၍ တစ်ပြိုင်တည်းဝင်ရောက်တိုက်ခိုက်ကာ မီးရှို့၊ လူသတ်၊ ပစ္စည်းများ အဓမ္မလုယက် ယူဆောင်သွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ စက်တင်ဘာ ၁၅ရက် နံနက် ၃နာရီခန့်တွင် SSA-S ရှက်ဆစ်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့မှ အိုက်မောင်နှင့်အဖွဲ့သည် ဟွေပါကူး (အပေါ်)ရွာ၊ဟွေပါကူး (အောက်)ရွာနှင့် ဘူးဖာကျေးရွာများသို့ လည်းကောင်း၊ အခြား သောင်းကျန်းသူ အဖွဲ့တစ်ဖွဲ့သည်နန့်ဖယ်ကျေးရွာသို့လည်းကောင်း၊ ကျန်သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့သည် ရခင် ကျေးရွာသို့လည်းကောင်း အသီးသီး ဖြန့်ခွဲဝင်ရောက်၍ ရွာများကို မီးရှို့ ဖျက်ဆီးခြင်း၊ သက်ကြီးရွယ်အိုများ၊ ကလေးများ၊ အမျိုးသမီးများပါမကျန် မြင်မြင်သမျှကို ပစ်ခတ်သတ်ဖြတ်ခြင်းများကျူးလွန်ကာ ကျေးရွာအတွင်းရှိ ရွှေ၊ ငွေ၊ ပစ္စည်းများ အဓမ္မလုယက်ယူဆောင်ပြီး နွားများ၊ ဝက်များကိုလည်း သတ်ဖြတ် စားသောက်သွားခဲ့ကြောင်း။

**မီးလောင်ကျွမ်းဆုံးရှုံး**

သောင်းကျန်းသူ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် နန့်ဖယ်ကျေးရွာရှိ နေအိမ် ၃၀ လုံး၊ ဟွေပါကူး(အပေါ်)ရွာရှိနေအိမ် ၁၂ လုံး၊ ဟွေပါကူး (အောက်)ရွာရှိ နေအိမ် ၁၂ လုံး၊ ဘူးဖာကျေးရွာရှိ နေအိမ် ၁၈ လုံး မီးလောင်ကျွမ်းဆုံးရှုံးခဲ့ကြောင်း။

နန့်ဖယ်ကျေးရွာနှင့် ဘူးဖာကျေးရွာများရှိ ပြည်သူ့စစ်များက အသက်စွန့် ခုခံ တိုက်ခိုက်ခဲ့ကြကြောင်း၊ သောင်းကျန်းသူအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ဘူးဖာကျေးရွာမှ ပြည်သူ့စစ်သုံးဦး၊ နန့်ဖယ်ကျေးရွာမှ ပြည်သူ့စစ်တစ်ဦးတို့ ကျဆုံးပြီး ဘူးဖာကျေးရွာပြည်သူ့စစ်အဖွဲ့မှ လက်နက်ငယ်နှစ်လက် ဆုံးရှုံးခဲ့ကြောင်း။



**SSA-S ရှက်ဆစ် အကြမ်းဖက် သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်ကျွမ်းဆုံးရှုံးခဲ့သော ကျေးရွာများအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ လှူဒါန်းငွေကျပ်သိန်း ၁၀၀ကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက တာဝန်ရှိသူတစ်ဦးထံ ထောက်ပံ့ပေးအပ်စဉ်။**
(သတင်းစဉ်)

**အကြောင်းမဲ့သတ်ဖြတ်**

သောင်းကျန်းသူများသည် ဘူးဖာကျေးရွာမှ ရွာသားလေးဦး၊ ဟွေပါကူးကျေးရွာမှ အမျိုးသမီးတစ်ဦး၊ ရခင်ကျေးရွာမှ အမျိုးသမီးသုံးဦးနှင့် နန့်ဖယ် ကျေးရွာမှ ရွာသားငါးဦးတို့အား အကြောင်းမဲ့ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူများအား နယ်မြေခံတပ်မှ လိုက်လံရှင်းလင်းရာ ထိတွေ့မှုများဖြစ်ပွားပြီး ဆုတ်ခွာထွက်ပြေးသွားကြောင်း၊ အဆိုပါဆုတ်ခွာသွားသော ရန်သူ အကြမ်းဖက်သောင်းကျန်းသူများ နောက်သို့ မိမိတပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းချေမှုန်းလျက်ရှိကြောင်း သိရသည်။

**ထောက်ပံ့ပေးအပ်**

မီးရှို့ဖျက်ဆီးခံခဲ့ရသည့် ကျေးရွာများ ပြန်လည်ထူထောင်ရေးအတွက် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ဆန်အိတ်များနှင့် အဝတ်အထည်များကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စောင်များ၊ အဝတ်အထည်နှင့် မီးဖိုချောင်သုံး ပစ္စည်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျန်းမာရေးဦးစီးဌာနမှ ဆေးဝါးများကို လည်းကောင်း၊ ပြည်နယ်ကြက်ခြေနီ အဖွဲ့မှ မီးဖိုချောင်သုံး ပစ္စည်းများနှင့် မိုးကာစများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၂၃ ရက်ကလည်း အဆိုပါ မီးရှို့ဖျက်ဆီးခဲ့ရသည့် ကျေးရွာများသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်က ငွေကျပ်သိန်း ၁၀၀၊ သမဝါယမဝန်ကြီးဌာနက ငွေကျပ် ၅၅ သိန်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်သိန်း ၂၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အကြမ်းဖက်သူများ**

SSA-S ရှက်ဆစ် အကြမ်းဖက် သောင်းကျန်းသူအဖွဲ့သည် လူမျိုးရေးကိုဗန်းပြ၍ ရှမ်းပြည်နယ်ကောင်းစားရေးအတွက်ဟု အသံကောင်းဟစ်ကြွေးနေသော်လည်း အမှန်စင်စစ်အားဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်း၊ လူသတ်ဓားပြတိုက်ခြင်း၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ ရွှေငွေပစ္စည်းများ အဓမ္မလုယက်ခြင်း၊ ကျေးရွာသားများအားဖမ်းဆီး၍ အဓမ္မလူသစ်စုဆောင်းခြင်းများပြုလုပ်နေသည့် အဖွဲ့အစည်းဖြစ်သဖြင့် နိုင်ငံတော်က ဩဂုတ် ၂၆ ရက်တွင် ကြေညာချက် အမှတ် (၂/၂၀၀၆)ဖြင့် အကြမ်းဖက်သူများအဖြစ် ကြေညာထားသူများ ဖြစ်သည်။ **(သတင်းစဉ်)**



**နန့်ဖယ်ကျေးရွာ**

**SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်ကျွမ်းဆုံးရှုံးခဲ့သော နန့်ဖယ်ကျေးရွာအား တွေ့ရစဉ်။**
(သတင်းစဉ်)



**SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်ကျွမ်းဆုံးရှုံးခဲ့သော ဘူးဖာကျေးရွာအား တွေ့ရစဉ်။**
(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂–၁၀–၂၀၀၆ (တနင်္လာနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | Music Gallery (ချစ်သူထက်ပိုတဲ့ သူငယ်ချင်း) |
| ၇:၂၀ | အသည်းခြောက်ရောဂါနှင့် ပင့်ကူမျှင်သွေးကြော (အပိုင်း–၃) (ဒေါက်တာခင်မောင်ဝင်း) |
| ၇:၄၀ | တေးဂီတအစီအစဉ် |
| ၇:၄၅ | အမျိုးသားရိုးရာ တိုင်းရင်းဆေးနည်းပညာ |
| ၈:၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၁၀ | ပုံရိပ်ဖမ်းစားဓာတ်ပုံ အနုပညာသည်များ [အေးဇော်မိုး(စက်မှု)] |
| ၈:၄၅ | တေးဂီတအစီအစဉ် |
| ၈:၅၀ | ဆန်းသစ်လှပ မြန်မာ့ကြေးဒေါင်းရွှေအလှ |
| ၉:၀၀ | တေးဂီတအစီအစဉ် |
| ၉:၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၁၀ | တစ်ကိုယ်တော်တေးစုကဏ္ဍ (ကာကာ) |
| ၉:၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၉:၃၅ | တေးဂီတအစီအစဉ် |
| ၉:၄၀ | လှပဆန်းသစ်ကြွေရည်သုတ်ပစ္စည်းအသစ် |
| ၁၀:၀၅ | တေးဂီတအစီအစဉ် |
| ၁၀:၁၀ | အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (ကြည်ဖြူသျှင်) |
| ၁၁:၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၁၀ | တေးဂီတအစီအစဉ် |
| ၁၁:၁၅ | ကြမ်းခင်းတုံး ထုတ်လုပ်မှုလုပ်ငန်း |
| ၁၁:၂၅ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၃၅ | သွားမယ်၊ စားမယ် (ကောင်းလက်ရာ) |
| ၁၁:၄၅ | တေးဂီတအစီအစဉ် |
| ၁၁:၅၀ | ပုစွန်ခြောက်စက်ရုံ အင်းလေးမြိုင်စက်မှုဇုန် (မြိတ်မြို့) |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁:၂၄ | Watford-Fulham | 5-Sports (Live) |

# ကမ္ဘာ့ဆရာများနေ့နှင့် မြန်မာ့ဆရာများ




## စောအောင် (ပညာရေး)

၂၀၀၂ခုနှစ် မေလကအမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပသော ကုလသမဂ္ဂကလေးများ ကဏ္ဍဆွေးနွေးပွဲ၌ ကျောင်းသားလူငယ် ကိုယ်စားလှယ်တစ်ဦးက ဤသို့ တင်ပြသွားခဲ့သည်။

"မိမိကိုယ်ကို ဆန်းစစ်ကြည့်တတ်ရန်၊ ကမ္ဘာကြီးအကြောင်း သိရန်နှင့် ကျောင်းတွင်းလူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်ရန် စွမ်းဆောင်ပေးနိုင်သော ဆရာကောင်းများလိုအပ်ပါသည်။ ကျွန်ုပ်တို့လိုအပ်နေသည် မှာ ဆရာကောင်းများ ဖြစ်ကြပါသည်။"

အသက်(၁၅)နှစ်အရွယ်ရှိ ကနေဒါနိုင်ငံသူ နစ်ကီဆန်ချက်ဟု (Nikki Sanchez Hood) ၏ တင်ပြချက်ဖြစ်ပါသည်။

နှစ်စဉ် အောက်တိုဘာလ ၅ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့ World Teachers' Dayအဖြစ်သတ်မှတ်ရန် ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည့် ယူနက်စကို၊ အိုင်အယ်လ်အို၊ ယူအင်န်ဒီပီနှင့် ယူနီဆက်တို့က စုပေါင်းသဝဏ်လွှာထုတ်ပြန်၍ ကြေညာခဲ့သည်။ ကမ္ဘာပေါ်၌ ဆရာရှားပါးလာမှုနှင့် အနာဂတ်တွင် ငြိမ်းချမ်းစွာအတူ စုပေါင်းနေထိုင်နိုင်ရေးအတွက် အဓိကကျသော ဆရာကောင်းများအား ချီးကျူးဂုဏ်ပြုခြင်းဖြစ်သည်။

၂၀၀၂ခုနှစ်မှစ၍ ကမ္ဘာ့ဆရာများနေ့ကို ကမ္ဘာနှင့်အဝန်း သတ်မှတ်ခဲ့ကြသော်လည်း မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ဆရာများ၏ လူမှုအဆင့်အတန်း(Social Status)သည် ဘုရားနှင့်ပင်တစ်ဂိုဏ်းတည်းထားကာ အနန္တောအနန္တဂိုဏ်းဝင် ဆရာသခင်ကျေးဇူးရှင်အဖြစ် ရှေးဦးမဆွကပင် သတ်မှတ်နေရာပေးခဲ့သည်။ ဆရာ၏ သီလ၊ သမာဓိနှင့် ပညာဂုဏ်တို့ကို တန်ဖိုးထားလေးစားမှုကြောင့် ဖြစ်သည်။

မြန်မာ့ဓလေ့တွင် သင်ဆရာ(မုတာစရိယ)၊ မြင်ဆရာ(ဒိဋ္ဌာစရိယ)နှင့် ကြားဆရာ(သုတာစရိယ)ဟူ၍ ဆရာအပြားသုံးပါးရှိသည်။သင်ဆရာတို့သည်–

**"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ**
**သိပ္ပမချန်၊ ဘေးရန်ဆီးကာ**
**သင့်ရာအပ်ပို့၊ ဆရာတို့**
**ကျင့်ဖို့ဝတ်ငါးဖြာ"**

ဟူ၍ ဆရာ့ဝတ္တရားငါးပါးနှင့်အညီ တပည့်များကို ကျောသားရင်သား မခွဲခြားဘဲ စေတနာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တရားများလက်ကိုင်ထား၍ သင်ကြားပို့ချပေးသူများ ဖြစ်ကြသည်။

မန်လည်ဆရာတော်ကြီး၏ မဃဒေဝ လင်္ကာသစ်ကြီးတွင်လည်း–

**"ရှေးရှုမေတ္တာ၊ ကရုဏာဖြင့်**
**နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း**
**ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍**
**ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ**
**ဆရာဟူလော့"**

ဟူ၍ ဆရာ၏ သရုပ်ပြကို ဖြဟ္မစိုရ် တရားတို့ဖြင့် ဖော်ကျူးတင်ပြခဲ့သည်။ မြန်မာ့ဓလေ့ယဉ်ကျေးမှု နယ်ပယ်တွင် ဆရာသည် တပည့်များအဖို့ အမြဲမပြတ် ချစ်၊ ကြောက်၊ ရိုသေစွာ ဆည်းကပ် ကိုးကွယ်အားထားရမည့် ပုဂ္ဂိုလ်များလည်း ဖြစ်သည်။

၂၀၀၄ခုနှစ် ကမ္ဘာ့ဆရာ များနေ့ဆောင်ပုဒ်မှာ ယနေ့တိုင် လေးစားလိုက်နာရမည့် ဆောင်ပုဒ် ဖြစ်သည့် Quality Teacher for quality education ဖြစ်သည်။

**"ပညာ အရည်အသွေး**
**ကောင်းမွန်ရေး**
**အရည်အသွေး**
**ကောင်းမွန်သည့် ဆရာရရှိအောင်**
**ပျိုးထောင်ပေး"**

ဟူ၍ဖြစ်သည်။

အရည်အသွေးဟူသော ပညာရပ်စကားလုံးကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုနိုင်သည်။ စီးပွားရေးပညာရှင်များက သွင်းအားစုအနည်းဆုံးနှင့် အကျိုးရလဒ် အများဆုံးရစေရန် လုပ်ဆောင်နိုင်ခြင်းသည် အရည်အသွေးဟု သတ်မှတ်နိုင်သကဲ့သို့ ပညာရေးနယ်ပယ်တွင် ပညာအရည်အသွေးဆိုသည်မှာ အရည်အသွေးရှိသော သင်ပေးသူ၊ သင်ယူသူ၊ ထိရောက်သော သင်ချိန်၊ သင်ယူမှုဝန်းကျင်၊ အကြောင်းအရာ၊ သင်ပြနည်း၊ ပံ့ပိုးပစ္စည်းကိရိယာ၊ သင်ထောက်ကူ၊ လုပ်ငန်းစီမံခန့်ခွဲမှု၊ အဓိပ္ပာယ်ရှိသော သင်ယူတတ်မြောက်မှုစသည်တို့ဖြစ်သည်။ အချုပ်အားဖြင့်ဆိုရလျှင် လုပ်ဆောင်မှုပြ အညွှန်းကိန်း(Performance indicator)များပင်ဖြစ်ရာ ပညာအရည်အသွေးဆိုသည်မှာ အောင်ချက်တစ်ခုတည်းမဟုတ်တော့ကြောင်း တွေ့ရမည်သာ ဖြစ်သည်။

နိုင်ငံတကာပညာရေးလောကတွင်**"ပညာရေးအရည်အသွေးသည် ဆရာများ၏ အရည်အချင်းပေါ်တွင် များစွာတည်မှီ၏"** ဟူသော အဆိုအမိန့်တစ်ခုရှိသည်။ အကြောင်းရင်းကို စေ့ငုစွာ ရှာဖွေပါလျှင် ပညာရေးလုပ်ငန်းစဉ်ကြီးတွင် ဆရာသည် ပင်မအဓိကကျသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် ဖြစ်သည်။ ဆရာသည် စည်းရုံးသူ၊ ဦးဆောင်သူ၊ သင်ပြသူ၊ စံနမူနာပြသူ၊ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သူ စသည်ဖြင့် များမြောင်လှသော တာဝန်ဝတ္တရားများကို ထမ်းဆောင်နေရသူ ဖြစ်သည်။

**၂၁ရာစု ပညာခေတ်တွင် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်မည့် ပညာရေးဗိသုကာ ဆရာ၊ ဆရာမများအနေဖြင့် အနန္တဂိုဏ်းဝင်ဟူသော နှစ်သိမ့်ဂုဏ်ယူမှုဖြင့် ကျေနပ်မနေသင့်တော့ဟု ယူဆမိပါသည်။ ခေတ်စနစ်နှင့်အညီ ပြောင်းလဲလာသော အတွေးသစ်၊ အမြင်သစ်များဖြင့် မိမိတို့၏ တပည့်များကို အနာဂတ် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေးအတွက် ပညာအမွေပေးသင့်**ပါသည်။

နိုင်ငံတော်နှင့် ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြစ်သော သင်ကြားမှုအရည်အသွေးမြင့်မားရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အဆင့်မြင့်မားရေး၊ သိပ္ပံလက်တွေ့ခန်းများ၊ မီဒီယာခန်းများနှင့် သင်ထောက်ကူပစ္စည်းများအား ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ (ကျောင်းသား၊ ကျောင်းသူများ) စည်းကမ်းလိုက်နာရေး၊ စိတ်ဓာတ်ကောင်းမွန်ရေး၊ ကျောင်းတက်မှန်ကန်ရေး၊ ကျောင်းခေါ်ကြိမ် ၇၅ရာခိုင်နှုန်း ပြည့်မီရေးနှင့် လိုအပ်ချက်အရ လမ်းညွှန်ထားပြီး လိုက်နာ ဆောင်ရွက်သင့်သည့် အုပ်ထိန်းသူစနစ် (guardian system)များအား တိကျစွာ လိုက်နာ ဆောင်ရွက်လိုသည့် စိတ်ဓာတ်ကို ၂၀၀၆ခုနှစ် အောက်တိုဘာလ ၅ရက်နေ့တွင် ကျရောက်မည့် ငါးကြိမ်မြောက် ကမ္ဘာ့ဆရာများနေ့တွင် မြန်မာ ဆရာများအနေဖြင့် သန္နိဋ္ဌာန်ချမှတ် ကြမည် ဆိုပါလျှင်.......။ ။

**၂၁ရာစု ပညာခေတ်တွင် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်မည့် ပညာရေးဗိသုကာ ဆရာ၊ ဆရာမများအနေဖြင့် အနန္တဂိုဏ်းဝင် ဟူသော နှစ်သိမ့်ဂုဏ်ယူမှုဖြင့် ကျေနပ်မနေသင့်။ ခေတ်စနစ်နှင့်အညီ ပြောင်းလဲလာသော အတွေးသစ်၊ အမြင်သစ်များဖြင့် မိမိတို့၏ တပည့်များကို အနာဂတ် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေး အတွက် ပညာအမွေပေးသင့်။**



**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ခင်ပွန်း ဦးစိုးကြည်နှင့် အစ်မ ဒေါ်ဖွားရှင်တို့အား ရည်စူး၍ ဒေါ်ကြည်ထွေး၊ သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ်နှစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)

## ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး၊ ထူးချွန်သူများဂုဏ်ပြု

**နေပြည်တော် အောက်တိုဘာ ၁**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၈နာရီခွဲက နေပြည်တော်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

### ဂုဏ်ပြုဆုငွေချီးမြှင့်

ရှေးဦးစွာဝန်ကြီးက ဝန်ထမ်း သားသမီးများမှ ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူ ၁၇ဦးတို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ရာ ဂုဏ်ထူးရှင်များ ကိုယ်စား ညွှန်ကြားရေးမှူးချုပ်က လက်ခံသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ဌာနဖွဲ့စည်းမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ဟိုတယ်စီမံကိန်းများနှင့် ပြည်တွင်းဟိုတယ် စီမံကိန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ လုပ်ငန်းလိုင်စင်ထုတ်ပေးနေမှု၊ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှုနှင့် နိုင်ငံခြားဝင်ငွေရရှိမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပြည်တွင်းပြည်ပ မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်းက မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဝန်ထမ်းအင်အား ဖွဲ့စည်းခန့်ထားမှု၊ ပြည်တွင်း၌ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နေမှု၊ ပြည်ပသင်တန်းများသို့ သင်တန်းသားများ စေလွှတ်မှု၊ ဌာနပိုင်ဟိုတယ်နှင့်လုပ်ငန်းများ၏ နိုင်ငံခြားငွေရရှိမှု၊ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### ဖြည့်စွက်ဆွေးနွေး

ယင်းနောက် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအောက်ရှိ ဟိုတယ်လုပ်ငန်း၊ မြန်မာ့ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းနှင့် ယမကာလုပ်ငန်းတို့မှ အထွေထွေမန်နေဂျာနှင့် ဒုတိယအထွေထွေ မန်နေဂျာတို့က သက်ဆိုင်ရာလုပ်ငန်းအလိုက် ဝင်ငွေရရှိမှု၊ လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က လုပ်ငန်းဆိုင်ရာ ဆောင်ရွက်နိုင်မှုအခြေအနေတို့ကို ဖြည့်စွက်ဆွေးနွေးတင်ပြကြ၍ ဒုတိယဝန်ကြီးက လုပ်ငန်းသုံးသပ် အကြံပြုချက်ကို ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဝန်ကြီးက ပြန်လည်ဆွေးနွေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သွေးဆေးကန်ဆရာတော် မိုးကုတ်တရားစခန်းပွဲ

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကမ္မဋ္ဌာနာ စရိယ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ (B.Sc. Phy)သည် မကွေးတိုင်း ပွင့်ဖြူမြို့၌ တန်ဆောင်မုန်းလဆန်း ၃ရက်မှ ၉ရက်အထိ လည်းကောင်း၊ ပုပ္ပားမြို့ စွယ်တော်ကျောင်းတိုက်၌ တန်ဆောင်မုန်းလဆန်း ၁၄ရက်မှ တန်ဆောင်မုန်းလပြည့်ကျော်၅ရက်အထိလည်းကောင်း၊ ပြည်မြို့ သုခါရာမကျောင်း၌ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်မှ ၁၄ရက်ထိ လည်းကောင်း၊ ရန်ကုန်မြို့ ဇနိတာရာမကျောင်းတိုက်၌ နတ်တော်လဆန်း ၁ရက်မှ ၁၀ရက်အထိ လည်းကောင်း ဖော်ပြပါမြို့ရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာများ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

# နာတာရှည်ရောဂါသည်များအား ကုသပေးရန် အထူးကုဆေးရုံကြီးပေါ်ထွန်းလာ ရောဂါဆိုးကြီးများ တားဆီးကာကွယ်တိုက်ဖျက်ရေး များစွာအထောက်အကူပြု

## ကြည့်ရှုစစ်ဆေး



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အထူးကုဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

### ကြိုးပမ်းဆောင်ရွက်

ဖွင့်ပွဲအခမ်းအနားကို အထူးကုဆေးရုံဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေနှင့် မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝနှင့် အရည်အသွေး မြင့်မြင့်မားမားပေးနိုင်စေရန် စေတနာရှေ့ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယင်းအချိန်အခါတွင် နာတာရှည်ရောဂါသည်များကို အထူးကုသပေးရန် ရည်စူးထားသည့် မင်္ဂလာဒုံ အထူးကုဆေးရုံသစ်ကြီး ယနေ့ ပေါ်ထွန်းလာခြင်းဖြစ်သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် အဘက်ဘက်တွင် ရင်ပေါင်တန်းနိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးပါသည့် အခန်းကဏ္ဍက ပါဝင်နေသည့်အလျောက် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဆိုသည့် လူမှုရေးဦးတည်ချက်ကို ထည့်သွင်းချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

### တိုးချဲ့ဖွင့်လှစ်ပေး

နှစ်ရှည်နှစ်တို အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်ပြီး စနစ်တကျ ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်နှင့် အညီ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရန် ဆေးရုံများ၊ ဆေးပေးခန်းများ၊ ကျေးလက် ကျန်းမာရေးဌာနများကို နယ်စပ် အစွန်အဖျားဒေသများနှင့် ကျေးလက်ဒေသများမှာပါမကျန် တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုကြီး တစ်ရပ်လုံး ညီညီမျှမျှ ဖွံ့ဖြိုးတိုးတက်စေရန်ဆိုသည့် ရည်မှန်းချက်နှင့် ပြည်နယ်၊ တိုင်း ဒေသများ၏ အချက်အချာကျသည့် နေရာဒေသများကို အခြေပြုဖွဲ့စည်းထားသည့် ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခုမှာဆိုလျှင်လည်း ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံကြီးတစ်ရုံစီကို မဖြစ်မနေ ထည့်သွင်းတည်ထောင်ပေးခဲ့ကြောင်း။

ထို့အပြင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးမြှင့်ပေးနိုင်စေရန် တည်ရှိပြီးဆေးရုံများကို အဆင့်မြှင့်တင်ပေးမှုများ၊ ခုတင်(၃၀၀)ဆံ့၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးများအပါအဝင် အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးမှုများ ဆောင်ရွက်ခဲ့သည်သာမက ဆေးရုံကြီးတိုင်းတွင် နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ခွဲစိတ်ကုသမှုဆိုင်ရာ ခေတ်မီပစ္စည်းကိရိယာများကို အဆင့်မြှင့်တင် တပ်ဆင်ပေးလျက်ရှိကြောင်း။

### ထင်ရှားပေါ်လွင်

ယင်းသို့ နိုင်ငံတော်အစိုးရက ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝနှင့် အရည်အသွေး မြင့်မြင့်မားမားပေးနိုင်စေရေးအတွက် စနစ်တကျ စီမံကိန်းများ ချမှတ်ပြီး ရည်မှန်းချက်ရှိရှိ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းသည် သိသိသာသာ ထူးထူးခြားခြား တိုးတက် မြင့်မားလာခဲ့ပြီဖြစ်ကြောင်း၊ ယခင်အခါက ပြည်သူများကို ဒုက္ခပေးခဲ့သည့် ရောဂါဆိုးကြီးများသည်လည်း အချို့ဆိုလျှင် ထိန်းချုပ်နိုင်သည့်အဆင့်၊ အချို့ဆိုလျှင် လုံးဝကင်းစင်သည့်အဆင့်၊ အချို့ဆိုလျှင် ပြည်သူများအတွက် အန္တရာယ်ဖြစ်စေသည့် အနေအထား မရှိတော့သည့် အဆင့်ကို ကျဆင်းလျက်ရှိနေပြီဆိုသည်ကို နိုင်ငံတကာနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများက အသိအမှတ်ပြုထားသည့် ကိန်းဂဏန်းများအရ ထင်ရှားပေါ်လွင်လျက်ရှိနေပြီဖြစ်ကြောင်း။

သာဓကအနေနှင့် ယနေ့ အများစိတ်ဝင်စားသည့် ရောဂါများဖြစ်သည့် တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် HIV-AIDS ရောဂါများနှင့် ပတ်သက်ပြီး ပြောရလျှင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သည့် စာရင်းဇယားများအရ အဆိုပါရောဂါ သုံးမျိုးစလုံးသည် မြန်မာနိုင်ငံ၌ ဖြစ်ပွားမှု လျော့ကျလာနေပြီး အချို့အိမ်နီးချင်းနိုင်ငံများထက်ပင် ဖြစ်ပွားမှုနှုန်း လျော့နည်းနေသည်ကို တွေ့နိုင်ကြောင်း။

UNAIDS က ထုတ်ပြန်သည့် ၂၀၀၆ ခုနှစ် ကိန်းဂဏန်းများအရ မြန်မာနိုင်ငံ၏ HIV-AIDSဖြစ်ပွားမှုနှုန်းသည် ၁ ဒသမ ၃ ရာခိုင်နှုန်းသာရှိပြီး UNDP က ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ ၁ ဒသမ ၂ ရာခိုင်နှုန်းသာရှိသည့်အတွက် အချို့သော အိမ်နီးချင်းနိုင်ငံများထက်ပင် ဖြစ်ပွားမှုနှုန်း လျော့နည်းနေသည်ကို တွေ့ရကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းနှစ်ရပ်၏ သီးခြားစီ ထုတ်ပြန်ချက်ကိန်းဂဏန်းများသည် ထပ်တူနီးပါးတူညီနေသည့်အတွက် ခိုင်လုံသည့် ကိန်းဂဏန်းများ ဖြစ်သည်ဆိုသည်ကို မည်သူမျှ ငြင်းနိုင်မည်မဟုတ်ကြောင်း၊ သို့သော်လည်း ယင်းခိုင်မာသည့် တရားဝင်ကိန်းဂဏန်းများကို လျစ်လျူရှုပြီး မြန်မာနိုင်ငံ၏ HIV-AIDS ရောဂါ ဆိုးဆိုးရွားရွားဖြစ်နေသည် ဆိုသည့်လုပ်ကြံသတင်းကို ကမ္ဘာနှင့်အဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့် လှုံ့ဆော်ဖြန့်ချိနေသည်များမှာ နိုင်ငံရေးပယောဂ ရောယှက်နေသည်ဆိုတာ ထင်ရှားနေပြီဖြစ်ကြောင်း။

နိုင်ငံတော်ကို ဆန့်ကျင်နေသည့် ပြည်တွင်းပြည်ပက အဖျက်သမားများသည် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက ပေးအပ်လာမည့် ဖွံ့ဖြိုးရေးအကူအညီများကိုသာမက လူသားချင်း စာနာထောက်ထားမှု အကူအညီများကိုပါ ပိတ်ဆို့ဟန့်တားနေသည်များ၊ ပေးအပ်လာသည့် အကူအညီများကို ပြန်လည်နုတ်ထွက်သွားအောင် ဖိအားပေးသည်များ၊ နှောင့်ယှက်သည်များ လုပ်ဆောင်လျက်ရှိကြောင်း။

### အမြတ်ထုတ်ဆောင်ရွက်နေ

အလွန်တရာ ဖြူစင်သန့်ရှင်းမွန်မြတ်လှသည့် လူမှုရေးကူညီစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံရေး ပယောဂ စွက်ဖက်နှောင့်ယှက်နေသည်များ၊ နိုင်ငံရေးလှုပ်ရှားမှုအသွင်ဖြင့် အမြတ်ထုတ် ဆောင်ရွက်နေသည်များသည် ပြည်သူများအပေါ် စာနာထောက်ထား ငဲ့ညှာမှုမရှိသည့် လုပ်ဆောင်မှုများပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် HIV-AIDS ရောဂါနှင့် ပတ်သက်ပြီး ကာကွယ်တားဆီး ကုသရေးလုပ်ငန်းများ အစဉ်နိုးကြားတက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး AIDS ရောဂါတိုက်ဖျက်ရေးအတွက် လိုအပ်သည့်မူဝါဒများနှင့် လမ်းညွှန်မှုများကို ချမှတ်ပေးလျက်ရှိသည့်အပြင် လုပ်ငန်းကော်မတီတစ်ရပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့်တိုက်ဖျက်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း။

### ပူးပေါင်းပါဝင်

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် ကုသရေးလုပ်ငန်းများကို ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် တကွ ပြည်သူလူထုကိုယ်တိုင် ပါဝင်ပြီး စနစ်တကျ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အတွက် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့နိုင်ကြောင်း။

အဓိကလုပ်ငန်းစဉ်(၁၀)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများက ပုဂ္ဂိုလ်များနှင့် အသိပေးဆွေးနွေးတင်ပြခြင်းလုပ်ငန်းများကို ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ဆောင်ရွက်နေကြောင်း၊ ပြည်သူလူထုအကြား ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးမြှင့်စေရေးအတွက် ကျန်းမာရေး ပညာပေးခြင်း လုပ်ငန်းများကိုလည်း တစ်နိုင်ငံလုံး၌ ဆောင်ရွက်နေကြောင်း၊ ထို့အပြင် လိင်ဆက်ဆံမှုမှတစ်ဆင့် HIVပိုးကူးစက်ပြန့်ပွားမှုကို ကာကွယ်တားဆီးရေးလုပ်ငန်းများ၊ ဦးတည်အုပ်စုများအတွင်း ရာနှုန်းပြည့် ကွန်ဒုံး သုံးစွဲစေခြင်းလုပ်ငန်းများ၊ မူးယစ်ဆေးဝါး သုံးစွဲသူများကြား HIV ပိုး ကူးစက်ပျံ့နှံ့မှု ကာကွယ်ရေးလုပ်ငန်းများ၊ မိခင်မှ သန္ဓေသားသို့ ရောဂါကူးစက်မှု ကာကွယ်ရေးလုပ်ငန်းများ၊ အန္တရာယ်ကင်းသော သွေးသွင်းကုသမှုဖြစ်စေရေးလုပ်ငန်းများ၊ HIV-AIDS လူနာများအား ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများ စသည့် လုပ်ငန်းအရပ်ရပ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း။

### စနစ်တကျကုသ

ဦးတည်အုပ်စုများအတွင်း ရာနှုန်းပြည့် ကွန်ဒုံးသုံးစွဲခြင်းလုပ်ငန်းကို မြို့နယ် ၁၆၉ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိသကဲ့သို့ မူးယစ်ဆေးဝါးအကြောတွင်း ထိုးသွင်းသုံးစွဲမှုမှတစ်ဆင့် HIVပိုး ကူးစက်ပြန့်ပွားမှု ကာကွယ်တားဆီးရေးအတွက် မူးယစ်ဆေးစွဲကုသမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ မူးယစ်ဆေး သုံးစွဲသူများအကြား ကာလသားရောဂါများ စနစ်တကျကုသပေးမှုနှင့် ကွန်ဒုံးအသုံးပြုမှု မြှင့်တင်ခြင်းလုပ်ငန်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် HIVပိုးရှိသော ကိုယ်ဝန်ဆောင် မိခင်မှ ကလေးသို့ HIV ပိုး ကူးစက်မှု ကာကွယ်ရေးလုပ်ငန်းကို မြို့နယ် ၈၉ မြို့နယ်တွင်လည်းကောင်း၊ ဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုမည့် သွေးများအား HIV ပိုး စစ်ဆေးပေးခြင်းလုပ်ငန်းကို မြို့နယ်ဆေးရုံများ အဆင့်အထိလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ရောဂါပိုးကူးစက်ခံထားရသူများ၊ မိသားစုများနှင့် မိတ်ဆွေများအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းလုပ်ငန်းများ၊ မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေး ပညာပေးမှုခံယူခြင်းနှင့် လျှို့ဝှက်စွာ HIVပိုး စစ်ဆေးခြင်းလုပ်ငန်းများ၊ AIDSရောဂါဝေဒနာရှင်များအား ဗိုင်းရပ်စ်ပိုး ပွားများမှုဟန့်တားစေနိုင်သည့် ဆေးဝါးများ တိုက်ကျွေးခြင်းနှင့် အခြားပြုစုစောင့်ရှောက်မှုလုပ်ငန်းများ၊ ဝေဒနာရှင်များအား အိမ်တွင် ပြုစုကုသပေးခြင်း လုပ်ငန်းများကိုလည်း လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း။

### ပြုစုစောင့်ရှောက်ပေး

၂၀၀၅ ခုနှစ်အတွင်းတွင် လူဦးရေ နှစ်သိန်းခွဲခန့်ကို နှစ်သိမ့် ဆွေးနွေးပညာပေးမှု၊ AIDSဝေဒနာရှင် ၂၆၀၀ ကို ART ဆေးဝါး တိုက်ကျွေးမှု၊ ဝေဒနာရှင်နှစ်သောင်းကျော်ကို ကုသပေးမှု၊ ဝေဒနာရှင်နှင့် မိသားစု တစ်သောင်းကျော်ကို အိမ်တွင်းအခြေပြု ပြုစုစောင့်ရှောက်ပေးမှု လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများဖြစ်သည့် AZG, MSF (Switzerland),MDM, FXB, CARE, WVI တို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

လက်ရှိမှာ AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်း လူမှုရေးအဖွဲ့အစည်း ၁၈ဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်း ၁၇ ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာနှင့် ဒေသတွင်းအဆင့်မှာလည်း အာဆီယံ HIV ရောဂါ ကာကွယ်တားဆီးရေးစီမံချက်၊ မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများအတွင်း HIVရောဂါကူးစက်ပြန့်ပွားမှု တားဆီးရေးစီမံချက်၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၏ ဒေသဆိုင်ရာနှင့် ဗဟိုအဆင့် စီမံချက်တို့မှာပါ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

အထူးစီမံချက် လုပ်ငန်းများအဖြစ်နှင့်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ၊ တီဘီရောဂါနှင့် HIV-AIDS ရောဂါပူးပေါင်း တိုက်ဖျက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

### ယုံကြည်ထား

နိုင်ငံတော်အစိုးရ၏ မူဝါဒ မှန်ကန်မှု၊ အကောင်အထည်ဖော်မှု၊ စနစ်များ ထိရောက်မှန်ကန်မှု၊ ပြည်သူများ လူမှုရေးစိတ်ဓာတ်ထက်သန်သူများနှင့် ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများ၏ တက်ကြွသည့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် HIV-AIDS ရောဂါ ကာကွယ်တားဆီးရေး၊ ကုသရေးလုပ်ငန်းများအပါအဝင် ရောဂါဆိုးကြီးများ ကာကွယ်တားဆီး တိုက်ဖျက်ရေးလုပ်ငန်းများသည် မလွဲမသွေ အောင်မြင်ဖြစ်ထွန်းရမည်ဟု နိုင်ငံတော်အစိုးရက ယုံကြည်ထားကြောင်း။

ယခု နာတာရှည်ရောဂါသည်များကို တာဝန်ယူကုသပေးရန် အထူးပြုဖွင့်လှစ်ခဲ့သည့် မင်္ဂလာဒုံ အထူးကုဆေးရုံကြီး ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် ဤဆေးရုံကြီး၏ လုပ်ငန်းများသည် ရောဂါဆိုးကြီးများ တားဆီးကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးကို များစွာအထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ ပေါ်ထွန်းလာသည့် မင်္ဂလာဒုံ အထူးကုဆေးရုံကြီးတွင် နာတာရှည် ရောဂါသည်များအတွက် နွေးထွေးကြင်နာသည့် ပြုစု စောင့်ရှောက်မှု၊ ထိရောက်သည့် ကုသပေးမှု၊ အရည်အသွေးမြင့်မားသည့် ကျန်းမာရေးစောင့်ရှောက်မှုတို့ ရရှိခံစားနိုင်စေရန် တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တို့က အထူးကုဆေးရုံ မင်္ဂလာဒုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အထူးကုဆေးရုံ မင်္ဂလာဒုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းမှူး၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ မြို့တော်ဝန်နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များက ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဆေးရုံအတွင်းသို့ လိုက်လံကြည့်ရှုစစ်ဆေးရာ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က ဆေးရုံတည်ဆောက်မှုနှင့် ဖွဲ့စည်းပုံများကို ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဆေးရုံအတွင်းရှိ အမျိုးသား လူနာဆောင်၊ တာဝန်ကျ ဆရာဝန်၊ ဆရာမများအခန်း၊ ရေစက်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဆေးသိုလှောင်ခန်းအတွင်းရှိ ဗိုင်းရပ်စ်ပိုးပွားများကို ဟန့်တားစေသော ဆေးဝါးများ (Anti Retro Viral Therapy )၊ ဓာတ်ခွဲစမ်းသပ်ဌာန၊ ဓာတ်မှန်စမ်းသပ်ဌာနနှင့် အမျိုးသမီး လူနာဆောင်များအား လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)



မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာ၌ တည်ဆောက်မည့် အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးရှိ ပညာသင် ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဥယျာဉ်လမ်း အမှတ် ၁၉ နေ ဦးငွေစိုး–ဒေါ်စန်းစန်းမြင့် သားသမီး မြေးတစ်စုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းလှူဒါန်းရာ အမှူးဆောင် ဒေါ်ခင်ရွှေက လက်ခံပြီး ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ တက္ကသိုလ်)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က–ပ)

## ရန်ကုန်ဂေါက်အသင်း၌ တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)တွင် အောက်တိုဘာ ၁ရက် ညနေ ၃နာရီ ၁၅မိနစ်က ကစားဖော်များဖြစ်သော ဦးမောင်သိန်း(မြိတ်)၊ ဦးခင်မောင်မြင့်(ဗိသုကာ)၊ ဦးသောင်းထွန်း(ပဲခူး)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ဦးမြင့်စိုး(ဝမ်းစတား–မြိတ်)သည် ကျင်းအမှတ်(၁၁)မှ Titliest Pro V-1 X ဘောလုံးအား Iron(7), Reygrande RG(1) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(က–ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂–၁၀–၂၀၀၆ရက် (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၈။ အရေးပြိုင်ပွဲ
- ၈:၂၅ ၉။ ယာကြီး ရေထိန်းတမံ
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Grammar made Easy
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
- ၁၆:၄၅ ၄။ အကပဒေသာ
- ၁၆:၅၅ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခြင်း)
- ၁၇:၁၀ ၆။ **"အားဆေး"** မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း (ဒါရိုက်တာ–စောစန္ဒာလှိုင်)
- ၁၇:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၁၇:၂၅ ၈။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၅–၁၀နှစ်) (အမျိုးသား၊ အမျိုးသမီး)
- ၁၇:၄၀ ၉။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ (အဆိုပြိုင်ပွဲ ဆွေးနွေးခန်း)
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း–၁၃)
- ၁၈:၅၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
- ၁၉:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနှင့်အတူ"** (အပိုင်း–၅)
- ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"စပိုင်ချစ်သူ"** (အပိုင်း–၉)

# မန်ယူအသင်း နယူးကာဆယ်ကိုနိုင် တန်းစီဇယားထိပ်ဆုံးနေရာ ပြန်ရောက်

## သတင်းမြင်ကွင်း – မြင့်စိုး

**လန်ဒန် အောက်တိုဘာ ၁**

ပရီမီယာလိဂ်ဘောလုံးပွဲစဉ်(၇) ပြိုင်ပွဲများကို အောက်တိုဘာ ၁ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ တန်းတက်ရီဒင်းက ဝက်စ်ဟမ်းကို အိမ်ကွင်း၌ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

ဝက်စ်ဟမ်းအသင်းသည် ရီဒင်းကို ရှုံးနိမ့်ခြင်းမှာ ယခုနှစ် ပရီမီယာလိဂ်တွင် ငါးပွဲဆက်တိုက် ရှုံးနိမ့်မှုပင်ဖြစ်သည်။



**ရီဒင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းပေးခဲ့သူ ကီဟေယွန်း ဂိုးသွင်းအပြီး ဤသို့ အောင်ပွဲခံခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

ရီဒင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ကီဟေယွန်းက ပွဲစပြီး နှစ်မိနစ်အတွင်းမှာပင် ၂၅ကိုက်အကွာမှ သွင်းယူခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းမှ ကားလို့တီဗက်ဇ်၊ ဂျိုနသန်စပက်တာနှင့် မူလင်းစ်တို့သည် ရီဒင်းအသင်းတိုက်စစ်ကို အကြိတ်အနယ် ကာကွယ်ခဲ့ရသည်။ ဝက်စ်ဟမ်းတို့ ယနေ့ပွဲစဉ်တွင် ရီဒင်းနောက်တန်းကို ရံဖန်ရံခါမှသာ ထိုးဖောက်နိုင်ခဲ့သည်။ ရီဒင်းအသင်းသည် ခုနစ်ပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ၁၃ မှတ် ရရှိထားသည်။

### မန်ယူ–နယူးကာဆယ်

မန်ယူအသင်းအတွက် အနိုင်ဂိုး နှစ်ဂိုးစလုံးကို ဆိုးလ်ရှားက သွင်းယူပေးခဲ့ပြီး ဂိုးကွာခြားချက်ဖြင့် ပရီမီယာလိဂ် တန်းစီဇယားထိပ်ဆုံးနေရာသို့ မန်ယူ ပြန်ရောက်လာသည်။

ပွဲအစတွင် မန်ယူမှ ဖလက်ချာ၏ ကန်သွင်းချက်မှာ ဂိုးတိုင်ထိပြီး ပြန်ထွက်လာသည်။ ပထမပိုင်းပြီးခါနီးတွင် စီရိုနယ်ဒို ခြေစွမ်းပြကစားခဲ့ရာ ပွဲချိန် ၄၁မိနစ်တွင် ညာခြေဖြင့်ကန်လိုက်သောဘောလုံး နယူးကာဆယ် ဂိုးတိုင်ထိပြီး ပြန်အထွက်၌ ဆိုးလ်ရှားက မန်ယူအတွက် ဖွင့်ဆော်ဦးဂိုး သွင်းယူပေးနိုင်ခဲ့သည်။

### ဒုတိယဂိုး

ဆိုးလ်ရှားသည် ဒုတိယပိုင်းတွင် မန်ယူအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ ပြိုင်ပွဲတစ်လျှောက်လုံး မန်ယူတို့ နယူးကာဆယ်အသင်းကို ဖိကစားနိုင်ခဲ့သည်။ နယူးကာဆယ်အသင်းသည် ကွင်းလယ်တွင် ကစားသမားငါးဦးဖြင့် ပိတ်ဆို့ကစားခဲ့ရသည်။



**မန်ယူတိုက်စစ်မှူး ရှုန်နေ(ယာ)၏ ထိုးဖောက်ကစားမှုကို နယူးကာဆယ်မှ မန်ယူဘောလုံးသမားဟောင်း နစ်ကီဘတ်က ဟန့်တားနေစဉ်။** (ဓာတ်ပုံ–အင်တာနက်)

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်ရာသီတွင် ခုနစ်ပွဲကစား ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ၁၆မှတ်ရရှိကာ ဂိုးကွာခြားချက်ဖြင့် တန်းစီဇယားထိပ်ဆုံးသို့ ပြန်ရောက်လာသည်။

ထိုနေ့က ဘလက်ဘန်းသည် ဝီဂန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး တော့တင်ဟမ်ကလည်း ပို့စ်မောက်ကို နှစ်ဂိုး–တစ်ဂိုးဖြင့်ပင် နိုင်ခဲ့သည်။ **(အင်တာနက်)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။**

### သုံးခွ၌ အော်တိုတယ်လီဖုန်း တပ်ဆင်ပေးပါ

**စာတည်းခင်ဗျား–**

ရန်ကုန်တိုင်းသုံးခွမြို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများဆက်သွယ်ရေးလွယ်ကူစေရန် လက်လှည့်ဖုန်းမှ အော်တိုတယ်လီဖုန်းသို့ ပြောင်းလဲ တပ်ဆင်ရန် တယ်လီဖုန်းဌာနရမ်း သုံးစွဲသူတစ်ဦးလျှင် ငွေကျပ်ငါးသိန်း ပေးသွင်းခဲ့ပြီးဖြစ်သော်လည်း အမှန်တကယ်တွင် အော်တိုတယ်လီဖုန်းမဟုတ်ဘဲ ဆီမီးအော်တိုတယ်လီဖုန်းသာ တပ်ဆင်ပေးခဲ့ပါသည်။

သုံးခွမြို့တွင် တယ်လီဖုန်း ဌာနရမ်း သုံးစွဲသူဦးရေ ၄၀၀ကျော်ရှိရာ ဆီမီးအော်တိုတယ်လီဖုန်း ၁၄လိုင်း သာရှိသည့်အတွက် ဆက်သွယ်ပြောဆိုမှု အခက်အခဲ ဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ သုံးခွမြို့တွင် ဆီမီးအော်တိုတယ်လီဖုန်းမှ အော်တိုတယ်လီဖုန်းသို့ ပြောင်းလဲတပ်ဆင်ပေးပါရန် တင်ပြအပ်ပါသည်။

**အော်တိုဖုန်းလိုချင်သူ**

### လက်ဖက်ရည်ဆိုင် ညော်နံ့မခံနိုင်

**စာတည်းရှင်–**

ရန်ကုန်တိုင်း လှိုင်မြို့နယ် စံပယ်ခြံလမ်းတွင် လမ်းဘေး လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှ အကြော်စုံကို နေ့စဉ် နံနက် ၄နာရီမှည ၁၁နာရီခန့် အထိကြော်လှော်နေပါသည်။ ရပ်ကွက်ပြည်သူများမှာ အညော်နံ့ကြောင့် ကျန်းမာရေး ထိခိုက်နေရပါသဖြင့် သက်ဆိုင်ရာက ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ညော်နံ့မခံနိုင်သူ**

### ရပ်ကွက်အတွင်း စက်မှုလုပ်ငန်းလုပ်ကိုင် သွားလာမှု အခက်အခဲကြုံတွေ့နေ

**စာတည်းခင်ဗျား–**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်(မြောက်)၁၂လမ်းမှ(တောင်)၂၂လမ်းအထိ(အရှေ့)လမ်း၈၀မှ(အနောက်)၈၆ လမ်းအတွင်းရှိ ပုလဲငွေရောင်ရပ် မေဃဂီရိနှင့် ပြည်လုံးချမ်းသာရပ်ကွက်များအတွင်းတွင် ကားစက်ပြင်၊ ကားဘော်ဒီပြင်၊ ကားဆေးသုတ်၊ ကားအလိုင်းမင်းချိန်၊ ကားကူရှင် အမိုးချုပ်၊ ကားမှန်လဲ၊ ဆိုင်ကယ်ပြင်နှင့် တွင်ခုံလုပ်ငန်းများ စသည်တို့သည် လမ်းပလက်ဖောင်းနှင့် လမ်းပခုံးများပေါ်တွင် လုပ်ကိုင်နေကြပါသည်။ ရပ်ကွက်နေပြည်သူများ သွားလာမှု အခက်အခဲကြုံတွေ့နေရပါသဖြင့် သတ်မှတ်ပေးထားသောနေရာသို့ ပြောင်းရွှေ့လုပ်ကိုင်နိုင်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အခက်ကြုံသူ**

### ကားဘော်ဒီလုပ်ငန်း ကြပ်မတ်ပေးစေချင်

**စာတည်းခင်ဗျား–**

လှိုင်သာယာမြို့သစ် အောင်ဇေယျကြိုးတံတားအဆင်း အမှတ်(၃)ရပ်ကွက် အောင်ဘောဂလမ်းရှိ ဘော်ဒီရုံတစ်ရုံသည် နေ့ည အချိန်မတော် ဘော်ဒီထုရိုက်ခြင်း၊ ဘော်ဒီ ဆေးနွှာခြင်း၊ မီးစက်အား မောင်းနေခြင်း၊ လာရောက်၍ ပြုပြင် သောကားများမှ ဓာတ်ဆီ၊ ဒီဇယ် လောင်စာများအား သိုလှောင်ထားခြင်းများ ပြုလုပ်နေပါသည်။ ပြည်သူအများ သွားရေးလာရေး အနှောင့်အယှက် ဖြစ်ကာ မီးဘေးအန္တရာယ် စိုးရိမ်ရပါ၍ အဆိုပါဘော်ဒီရုံအား စနစ်တကျ လုပ်ကိုင်ရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**လှိုင်သာယာသား**

### အသံချဲ့စက်သံ နားမခံသာ

**စာတည်းခင်ဗျား–**

အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံ(၂)လမ်းရှိ အလှူခံဌာနတစ်ခုသည် အသံချဲ့စက်နှစ်လုံးကို ညောင်ပင်ထိပ်တင်၍ ကျယ်လောင်စွာ ဖွင့်လျက်ရှိရာ ရပ်ကွက်နေ ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ရပါသဖြင့် စနစ်တကျရှိရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံသာသူ**



### ကျောက်ပန်းတောင်းက ကွံကော်မြိုင်လမ်းသန့်ရှင်းပြီး

၄–၉–၂၀၀၆ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကျောက်ပန်းတောင်းက ကွံကော်မြိုင်လမ်း သန့်ရှင်းစေလိုမှု**နှင့် ပတ်သက်၍ စက်တင်ဘာ ၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဖွဲ့ဝန်ထမ်းများဖြင့် အထူးသန့်ရှင်းရေး ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **(ဓါတ်ပုံ)**

**(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

### ပေါင်းတလည်မြို့ ရေဆိုးထုတ်မြောင်းဆောင်ရွက်ပြီး

၁၄–၈–၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပေါင်းတလည်မြို့ ရေဆိုးထုတ်မြောင်းပျက်စီးနေမှု** ခေါင်းစဉ်နှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

# ဒဗလျူဂျီစီချန်ပီယံရှစ်ပြိုင်ပွဲ ကမ္ဘာ့နံပါတ်(၁)တိုက်ဂါးဝုဒ်ဦးဆောင်နေ

ရေးသားတင်ပြသူ **မြင့်မောင်စိုး**

**လန်ဒန် အောက်တိုဘာ ၁**

ကမ္ဘာ့နံပါတ်(၁)ဂေါက်သီး ကစားသမား တိုက်ဂါးဝုဒ်သည် ဒဗလျူဂျီစီချန်ပီယံဂေါက်သီးရိုက် ပြိုင်ပွဲတတိယနေ့အပြီး စုစုပေါင်းရိုက်ချက်ထက် ၁၉ချက်လျှော့ရိုက်ကာ ပြိုင်ဘက်များကို ခြောက်ချက်အသာဖြင့် ဦးဆောင်လျက်ရှိသည်။

**ဦးဆောင်**

၎င်းသည် တတိယနေ့ပွဲစဉ်တွင် ၆၇ချက်သာရိုက်ခဲ့ပြီး အဖွင့်ပွဲနေ့တွင် ငါးချက်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

**လျှော့ရိုက်**

ဩစတြေးလျမှ အဒမ်စကော့သည် သုံးရက်ကစားအပြီး ၁၃ချက်လျှော့ရိုက်ကာ ဒုတိယနေရာမှလိုက်နေသည်။ အမေရိကန်မှ ဘရက်နှင့် ဂျင်ဖာရီတို့သည် ၁၂ချက်လျှော့ရိုက်ပြီး တတိယနေရာမှ လိုက်နေသည်။

**အောင်ပွဲခံ**

အဒမ်စကော့သည် ထိုနေ့က ၆၅ချက်ရိုက်ပြီး အကောင်းဆုံးရိုက်နိုင်ခဲ့သည်။ ဘာဒီ ခြောက်ကြိမ်ရခဲ့သည်။ ဆွီဒင်မှ စတန်ဘွန်သည် သုံးရက်အပြီး ၁၀ချက်လျှော့ရိုက်နိုင်ခဲ့သည်။ တိုက်ဂါးဝုဒ်သည် ယခုနှစ်အတွင်း ဂရင်းဆလမ်ပြိုင်ပွဲကြီးများ အပါအဝင် ပြိုင်ပွဲများတွင် အနိုင်ရအောင်ပွဲခံလျက်ရှိသည်။ လွန်ခဲ့သောလက ၎င်းသည် ယူအက်စ်အိုးပင်း ဂရင်းဆလမ်ဖလားကြီးကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းဖလားမှာ တိုက်ဂါးဝုဒ်၏ ကြီးလေးကြီးပြိုင်ပွဲမှ ဆွတ်ခူးရရှိသည့် ၁၂လုံးမြောက် ဖလားဖြစ်သည်။ **(အင်တာနက်)**



**တိုက်ဂါးဝုဒ်၏ ကျင်းစိမ်ကစားမှုကို ဤသို့တွေ့ရစဉ်။** (အင်တာနက်)

# ထိုင်းအိုးပင်းတင်းနစ် ဂျိမ်းစ်ဘလိတ်ဗိုလ်လုပွဲရောက်

**ဗန်ကောက် အောက်တိုဘာ ၁**

အမေရိကန်မှ ကမ္ဘာ့နံပါတ်(၃အဆင့်)ရှိ တင်းနစ် ကစားသမားဂျိမ်းစ်ဘလိတ်သည် ထိုင်းအိုးပင်းတင်းနစ် အကြိုဗိုလ်လုပွဲတွင် ရုရှားမှမာရက်ဆာဖင်ကို ၃-၆၊ ၆-၄၊ ၇-၆ (၇-၃)ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

**တက်ရောက်**

ဂျိမ်းစ်ဘလိတ်သည် ယခုနှစ်အတွင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၀၀ အထိထိုးကျခဲ့ပြီးနောက် ပထမဆုံး ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ ဂျိမ်းစ်ဘလိတ်သည် ဗိုလ်လုပွဲအဖြစ် ထိုင်းနိုင်ငံသားဆရီချာပန်ကို ၆-၃၊ ၆-၂ဖြင့် အနိုင်ရလိုက်သော အီဗန်လူဘီဆစ်နှင့် ကစားရမည်ဖြစ်သည်။

**ကစားရမည်**

အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် အင်္ဂလန်မှ အင်ဒီမာရေးနှင့် ၎င်း၏အစ်ကို ဂျာမီတို့အတွဲက ခရစ်ဟက်ဂတ်နှင့် ဂျော်ဒန်ကာတို့၏ အတွဲကို အနိုင်ရပြီးဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ယင်းညီအစ်ကို အတွဲသည် အစ္စရေးမှ အင်ဒီရမ်နှင့် ဂျိုနသန်အားလစ်တို့ အတွဲနှင့်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**



**ဂျိမ်းစ်ဘလိတ်၏ တင်းနစ်ရိုက်ဟန်။** (အင်တာနက်)

# အိုင်ဘီအေ မစ်ဒယ်ဝိတ်တန်းခါးပတ်လုပွဲ လန်ဒန်မှ ဒွတ်ဒီအမှတ်ဖြင့် အနိုင်ယူ

**နယူးယောက် အောက်တိုဘာ ၁**

အိုင်ဘီအေကမ္ဘာ့မစ်ဒယ်ဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲကို စက်တင်ဘာ ၂၉ရက်ညပိုင်းက နယူးယောက်မြို့ မက်ဒီဘွန်ရင်ပြင်၌ ကျင်းပခဲ့ရာ လန်ဒန်မှ ဂျွန်ဒွတ်ဒီက ပြိုင်ဘက်ယူရီဘွိုင်းကမ်ပတ်စ်ကို အမှတ်ဖြင့်အနိုင်ရပြီး အိုင်ဘီအေချန်ပီယံခါးပတ်ကို ရယူနိုင်ခဲ့သည်။

**အနိုင်ပေး**

ယင်းတို့နှစ်ဦးသည် ၁၂ချီအပြည့် အကြိတ်အနယ်ထိုးသတ်ခဲ့ကြရာ ဒွတ်ဒီက နောက်ဆုံးတွင် အမှတ်ဖြင့် အနိုင်ရရှိသွားသည်။ ၎င်းအား ဒိုင်လူကြီးသုံးဦးက ၁၁၇-၁၁၁၊ ၁၁၆-၁၁၂နှင့်၁၁၅-၁၁၃ဖြင့် အနိုင်ပေးလိုက်သည်။

ဒွတ်ဒီသည် မျက်ခုံးနှစ်ဖက်လုံးကွဲခဲ့သော်လည်း ၎င်း၏ ၁၈ပွဲမြောက်အနိုင်ရမှုကို ပြသနိုင်ခဲ့သည်။ ဒုတိယအချီတွင် ဒွတ်ဒီမျက်ခုံး နှစ်ဖက်လုံး ကွဲသွားသည်။ သို့သော်လည်း ၁၂ချီပြည့်အောင် ထိန်းထိုးသွားနိုင်ခဲ့ကာ ပွဲအပြီး ဒွတ်ဒီက မမျှော်လင့်ဘဲ ကမ်ပတ်စ်အား အမှတ်ဖြင့် အနိုင်ရခဲ့သည်။ **(အင်တာနက်)**

**အိုင်ဘီအေ လက်ဝှေ့ပြိုင်ပွဲတွင် ဒွတ်ဒီ(ဝဲ)နှင့် ကမ်ပတ်စ်တို့ ဤသို့ အကြိတ်အနယ် ထိုးသတ်ခဲ့ကြသည်။** (အင်တာနက်)



# ကမ္ဘာတစ်လွှား အားကစား

## စီးရီးအေပွဲစဉ် (၅)ဆက်လက်ယှဉ်ပြိုင် လာဇီယိုက တိုရီနိုကို လေးဂိုးပြတ် အနိုင်ရ

ရေးသားတင်ပြသူ **မောင်မောင်မြင့်ဆွေ**

ရောမ အောက်တိုဘာ ၁

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)ကို စက်တင်ဘာ ၃၀ရက်က ယှဉ်ပြိုင်ကစားရာ တိုရီနိုနှင့် လာဇီယိုတို့ပွဲတွင် လာဇီယိုက လေးဂိုးပြတ် အနိုင်ရပြီး အတ္တလန်တာနှင့် ရက်ဂျီးနားတို့ပွဲတွင် တစ်ဂိုးစီသရေပွဲဖြစ်သွားခဲ့သည်။**

**တိုရီနိုနှင့်လာဇီယို**

အဝေးကွင်းဖြစ်သော်လည်း လာဇီယိုက ဂိုးပြတ်သွင်းအနိုင်ယူနိုင်ခဲ့သည်။ လာဇီယိုသည် တန်းတက် တိုရီနိုကို စိတ်တိုင်းကျ ကစားနိုင်ခဲ့ရာ ပထမပိုင်းပွဲချိန်များ၌သာ တိုရီနိုတို့ ခြေရည်တူကစားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လာဇီယိုတို့ ကစားအားတင်ခဲ့ရာ ၄၉မိနစ်တွင် လာဇီယိုတိုက်စစ်မှူး ရိုချီက တစ်ဂိုး၊ ၅၄ မိနစ်နှင့် ၆၈မိနစ်တို့တွင် အော့ဒိုးက နှစ်ဂိုးသွင်းယူပေးခဲ့သည်။ အော့ဒိုး၏ ၅၄ မိနစ် သွင်းဂိုးမှာ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

လာဇီယိုအတွက် စတုတ္ထဂိုးကို ၇၁မိနစ်တွင်လာဇီယိုကွင်းလယ် ကစားသမား စတီဖာနိုမောရိက သွင်းယူခဲ့သဖြင့် လေးဂိုးဆက်တိုက်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ တိုရီနိုက ချေပဂိုးများသွင်းနိုင်ရေးအတွက် မူဇီ၊ ဖာရာရေစီနှင့် အာဒီတို့ကို အစားထိုးကစားစေခဲ့သော်လည်း ဂိုးမသွင်းနိုင်ချေ။

**အတ္တလန်တာနှင့် ရက်ဂျီးနား**

အတ္တလန်တာသည် အိမ်ကွင်း၌ သုံးပွဲမြောက် သရေပွဲ ဖြစ်ခဲ့သည်။



**လာဇီယို တိုက်စစ်မှူး ရိုချီ။** (အင်တာနက်)

အတ္တလန်တာတို့က တိုက်စစ်ဖွင့် ကစားခဲ့ရာ ပွဲစချိန်သုံးမိနစ်မှာပင် လောရီရာက အတ္တလန်တာအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။

**သွင်းယူ**

သို့သော်လည်း ရက်ဂျီးနားတို့က ပွဲချိန်ခြောက်မိနစ်မှာပင် ချေပဂိုးပြန်သွင်းယူခဲ့သည်။ ရက်ဂျီးနားအတွက် ချေပဂိုးကို ပွဲချိန်ခြောက်မိနစ်၌ ကွင်းလယ်ကစားသမား တီဒက်စကိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

**အဆင့်ရှစ်နေရာတွင်ရှိနေ**

အတ္တလန်တာသည် ယခုပွဲ သရေကျခဲ့သဖြင့် ငါးပွဲကစား၊ တစ်ပွဲ နိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးဖြင့် တန်းစီဇယား၌ အဆင့်ရှစ်နေရာတွင်ရှိနေပြီး ရက်ဂျီးနားမှာ တန်းစီဇယား၌ အဆင့် ၁၉ နေရာတွင်ရှိနေသည်။ **(အင်တာနက်)**



**ဘာစီလိုနာမှ ရော်နယ်ဒင်ဟို(ယာ)၏ ထိုးဖောက်ကစားစဉ်။** (အင်တာနက်)

## စပိန်လာလီဂါပွဲစဉ်(၅) ဘာစီလိုနာ နိုင်ပွဲရ

မက်ဒရစ် အောက်တိုဘာ ၁

**စပိန်လာလီဂါ ဘောလုံးပွဲစဉ်(၅)ကို စက်တင်ဘာ ၃၀ရက်၌ စတင်ကစားရာ ဘီလ်ဘာအိုအသင်းကို ဘာစီလိုနာက သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး တန်းစီဇယားထိပ်ဆုံးနေရာကို စိုးမိုးထားမြဲဖြစ်သည်။**

အဝေးကွင်း၊ အိမ်ကွင်း တစ်ပွဲမျှ နိုင်ပွဲမရသော ဘီလ်ဘာအိုသည် ဘာစီလိုနာအသင်းကို မိမိကွင်း၌ ခံကစားခဲ့ရာ ပွဲချိန်၁၁မိနစ်မှာပင် ဘီလ်ဘာအိုကွင်းလယ်ကစားသမား ယက်စ်တီက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

**ကိုယ့်ဂိုးကိုယ်ပြန်သွင်း**

ဘာစီလိုနာသည် အဖွင့်ဂိုးပေးလိုက်ရသည်ကို ချေပနိုင်ရေးအတွက် မက်ဆီ၊ ဂတ်ဂျွန်ဆင်နှင့် ရော်နယ်ဒင်ဟိုတို့က အရှိန်အဟုန်မြင့် ထိုးဖောက်ကစားရာ ဘီလ်ဘာအို ခံစစ်မှူး အက်စတာရီဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်ပြန်သွင်းသလိုဖြစ်ခဲ့ရသဖြင့် ဘာစီလိုနာ ချေပဂိုးရရှိခဲ့သည်။

**အနိုင်ရရှိ**

ထို့နောက် ဘာစီလိုနာအတွက် အနိုင်ဂိုးများကို ပွဲချိန် ၆၁မိနစ်၌ ဂတ်ဂျွန်ဆင်က တစ်ဂိုး၊ ပွဲချိန် ၇၇မိနစ်၌ ဘီလ်ဘာအိုက တစ်ဂိုးသွင်းယူခဲ့သဖြင့် ဘာစီလိုနာက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**ထိပ်ဆုံးရောက်ရှိ**

ဘာစီလိုနာသည် ယခုပွဲအနိုင်ရရှိသဖြင့် ငါးပွဲကစား၊ လေးပွဲနိုင်၊ တစ်ပွဲသရေဖြင့်၁၃မှတ်ရရှိကာ တန်းစီဇယားထိပ်ဆုံးမှ ဦးဆောင်နေသည်။ **(အင်တာနက်)**




THREE FRIENDS CONSTRUCTION CO.,LTD.

▶ (PAE)

44A(1)

☎ 01-294864, 201121, 201478, 298341

09-50 11443, 09-50 10289, 09-51 54853, 09-51 55037




## ဝန်ထမ်းများအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

မုံရွာမြို့ရှိဟိုတယ်ကြီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါအတိုင်း လုပ်ငန်းစီမံခန့်ခွဲမှု အတွေ့အကြုံရှိသော ဝန်ထမ်းများအား အလိုရှိပါသည်။

၁။ **Operation Manager** ကျား/မ (၁)ဦး

Hotel လုပ်ငန်းတွင် အနည်းဆုံးလုပ်သက်(၅)နှစ်နှင့် အထက်ရှိရမည်။

၂။ **Marketing Manager** ကျား/မ (၁)ဦး

Hotel Sales & Marketing အတွေ့အကြုံ (၃)နှစ်နှင့် အထက်ရှိရမည်။

၃။ **Human Resource Manager** ကျား/မ (၂)ဦး

ဝန်ထမ်းစီမံခန့်ခွဲမှုနှင့် ... လုပ်ကိုင်နိုင်ပြီး လုပ်သက်အနည်းဆုံး (၃)နှစ်နှင့်အထက်ရှိသူဖြစ်ရမည်။

၄။ **F & B Manager** ကျား/မ (၂)ဦး

ဟော်တယ်လုပ်ငန်းတွင် လုပ်သက်အနည်းဆုံး (၃)နှစ်နှင့် အထက်ရှိသူဖြစ်ရမည်။

၅။ **House Keeping Manager** ကျား/မ (၂)ဦး

ဟော်တယ်လုပ်ငန်းတွင် လုပ်သက်အနည်းဆုံး (၃)နှစ်နှင့် အထက်ရှိသူဖြစ်ရမည်။

အမှတ်စဉ်အားလုံး အင်္ဂလိပ်စာ(အရေး၊ အပြော)နှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။ လုပ်ငန်းနေရာအလိုက် တာဝန်ယူလုပ်ဆောင်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူသည် ... ကိုယ်ရေးရာဇဝင်အကျဉ်း ... ပညာအရည်အချင်း ... (၁၀)ရက်အတွင်း ... (၂၃၅)သို့ ... လျှောက်ထားနိုင်ပါသည်။ ... လျှောက်လွှာများကို ပြန်လည် ထုတ်ပေးမည်မဟုတ်ပါ။

## သမိုင်းဝင်စေတီ ဘက်စုံပြုပြင် ပါဝင်လှူဒါန်းကုသိုလ်ယူနိုင်

**ရန်ကုန် အောက်တိုဘာ ၁**

မကွေးတိုင်း နတ်မောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်ရှိ အင်းဝခေတ် ဥဏ်တော် ၅၉ တောင်၊ အရံစေတီ၁၆ဆူနှင့်တကွ တည်ထားသည့် သမိုင်းဝင် စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြင်ဆင်နိုင်ရန်အတွက် ဘုရားမီးစက်၊ တန်ဆောင်း၊ မုခ်ဦးပြာသာဒ်၊ ရင်ပြင်တော်ကျောက်ပြား လှူဒါန်းလိုသူများသည် သီတင်းကျွတ်လပြည့်ကျော် ၆ရက်၊ ၇ရက်၊ ၈ရက် သုံးရက်တိုင် ကျင်းပမည့် ဘုရားပွဲမတိုင်မီ ရေနံချောင်းပုဗ္ဗာရုံကျောင်း ဆရာတော် ဦးသြဘာသ၊ နတ်မောက်မြို့နယ် ကျောက်တဲကျောင်း ဆရာတော် ဘဒ္ဒန္တ ကဝိန္ဒာစာရ (မွှာစရိယ)၊ မြို့နယ်၊ တိုင်းဝိနည်းဓိုရ်တို့ထံသို့ ဆက်သွယ်လှူဒါန်းကုသိုလ်ယူနိုင်ကြောင်း သိရသည်။ **(ဂ-ပ)**

GOLDEN CITY

## Golden City Shopping Centre ၏

ဝါကျွတ်ကံစမ်းအထူးဈေးရောင်းပွဲတော်

➤ ကျပ်(10,000)နှင့်အထက်ဝယ်ယူအားပေးကြသော မိတ်ဆွေများအတွက် Golden City ၏ 'မေတ္တာလက်ဆောင်'

(၁) TV,DVD,Micro Wave အစရှိသော လူသုံးကုန်ပစ္စည်းများ ... 1.10.06 မှ 4.1.07 အထိ ... ရယူနိုင်ကြပါပြီ။

(၂) သီတင်းကျွတ်လပြည့်နေ့တွင် ... ရယူနိုင်ကြသည့်အပြင်

(၃) သီတင်းကျွတ်လပြည့်အထူးလျှော့ဈေးအဖြစ် 50% မှ 20% အထိ ဈေးလျှော့ ရောင်းချပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

'Golden City မှာ ... ကြပါစို့'

☞ Golden City I, ... ☎ 511491,539446

☞ Golden City II, ... ☎ 295398

TET LANN CONSTRUCTION COMPANY

## တက်လမ်းဆောက်လုပ်ရေး သီတင်းကျွတ်ပွဲတော်အထူးအစီအစဉ်

(၂-၁၀-၂၀၀၆) မှ (၈-၁၀-၂၀၀၆) အတွင်း (၇)ရက်တည်းသာ

ရန်ကုန်မြို့ Down Town ဧရိယာအတွင်း

တိုက်ခန်းမျိုးစုံ၊ အထပ်စုံ၊ အရွယ်စုံ စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်ပါသည်။

(၁၀% မှ ၂၅%)လျှော့၍ ဦးရာလူမနှုန်းဖြင့် ရောင်းချပေးပါမည်။

- လမ်းမတော်မြို့နယ်အတွင်းရှိ ၄-လမ်း၊ ၁၆-လမ်း၊ ရွှေတောင်တန်းလမ်း (၃လွှာ၊ ၄လွှာ၊ ၅လွှာ၊ ၆လွှာ၊ ၇လွှာ၊ ၈လွှာ)
- လသာမြို့နယ်အတွင်းရှိ မဟာဗန္ဓုလလမ်း၊ ၂၁-လမ်း၊ ၂၂-လမ်း (မြေညီ၊ ၃လွှာ၊ ၄လွှာ၊ ၅လွှာ၊ ၆လွှာ၊ ၇လွှာ)
- ကျောက်တံတားမြို့နယ်အတွင်းရှိ မဟာဗန္ဓုလပန်းခြံလမ်း (ပြင်ဆင်ပြီး၊ ပါကေး+ကြွေပြား)၊ ကိုယ်ပိုင်မီတာ+မော်တာ၊ (၂၅'x ၆၀')၊ ၄လွှာ
- ဗိုလ်တထောင်မြို့နယ်အတွင်းရှိ ၄၈-လမ်း (၁၉'x ၆၀') (၂လွှာ၊ ၆လွှာ၊ ၈လွှာ)
- အလုံမြို့နယ်အတွင်းရှိ ဥာနာလမ်း (၁၄'x ၅၀')၊ မြေညီထပ်
- စမ်းချောင်းမြို့နယ်အတွင်းရှိ မြေနီကုန်းဈေးလမ်း (၁၆'x ၆၀')၊ မြေညီထပ်၊ ၅လွှာ (ပြင်ဆင်ပြီး၊ ပါကေး+ကြွေပြား)

အရောင်းပွဲတော်ကာလအတွင်း ဝယ်ယူသူများကို **Aircon၊** ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ **21" TV၊ Oven၊ DVD** အစရှိသော အိမ်သုံးပစ္စည်းများကို ဖဲလာမပါကံစမ်းမဲအစီအစဉ်ဖြင့် မေတ္တာလက်ဆောင်ပေးပါမည်။

ဆက်သွယ်ရန် - တက်လမ်းအရောင်းဌာန

အမှတ်(၆၁)၊ မြေညီထပ်၊ ရွှေဘိုတန်းလမ်း၊ လသာမြို့နယ်။

☎ - ၂၂၆၅၀၀၊ ၂၁၀၀၆၂

# အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီပူဇော်

**ညောင်ရွှေ စက်တင်ဘာ ၂၇**

၁၃၆၈ ခုနှစ် အင်းလေး ဖောင်တော်ဦးမြတ်စွာဘုရားများ အင်းလေးဒေသတွင် (၂၁)ဌာနသို့ ဒေသစာရီကြွချီပူဇော်ပွဲကို စက်တင်ဘာ၂၂ရက်က နမ့်ဟူးစံကျောင်း၌ကျင်းပရာ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓရုပ်ပွားတော်များအား အနေကဇာတင်တော်မူကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အင်းလေးဟဲယာရွာမ ရွှေဘုံသာစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ရွှေဘုံသာဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ်တရားတော် ရွတ်ပွားပူဇော်ကြသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ဖောင်တော်ဦးမြတ်စွာဘုရားကိုယ်စားတော်များ အင်းလေးဒေသအတွင်းရှိ (၂၁)ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံမည့် အကြောင်း ခွင့်ပန်လျှောက်ထားသည်။ ယင်းနောက် ဖောင်တော်ဦးမြတ်စွာဘုရားကိုယ်ပွားတော်များ ထာဝရသီတင်းသုံးရာ ရတနာစံကျောင်းပလ္လင်ထက်မှ ဝေါယာဉ်ဖြင့် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်အဖွဲ့က အစီအစဉ်အတိုင်း ကျေးပေါခုံစံကျောင်းတော်သို့ စတင် ကြွချီအပူဇော်ခံနိုင်ရေးအတွက် ကရဝိက်ဖောင်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။ အင်းလေးဖောင်တော်ဦး ရုပ်ပွားတော်များသည် သီတင်းကျွတ်လဆန်း ၁ရက်မှစတင်ကြွချီ၍ သီတင်းကျွတ်လပြည့်ကျော်၁ရက်တွင် သီတင်းသုံးရာ ရတနာစံကျောင်းတော်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ **(က-ပ)**



**အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက် ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သော မိခင်၊ ဖခင်တို့အား အမှူးထားလျက်ရန်ကုန်မြို့ ဘောက်ထော်** ပြည်သာယာ(၁၆) ရပ်ကွက် မြသီတာလမ်း အမှတ်(၉)နေ ဦးသန်းနိုင်ဝင်း-မခင်ဖြူလင်း၊ သား မောင်ထက်နိုင်လင်း-မခက်သန္တာစိုး၊ သမီး မချယ်ရီနိုင်လင်း၊ သား မောင်စိုးနိုင်လင်း မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)



**မိုးညှင်းမြို့နယ် ပင့်သာ ကျေးရွာ ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ်မီးပေးရေး လုပ်ငန်းလည်ပတ်နေမှု အခြေအနေကို စက်တင်ဘာ၂ရက်က ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်ဒင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးညွန့်၊ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးစံလင်းတို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးညွန့်က ရှင်းလင်းပြသစဉ်။** (မြို့နယ် စည်ပင်)

# အောင်မြေသာစံအထက(၁) မိဘဆရာအသင်း နှစ်ပတ်လည်စည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

မန္တလေး စက်တင်ဘာ ၁၅

**မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအရှေ့ရပ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၆ရက် နံနက်၉နာရီက အောင်ရာဇာခန်းမ၌ ကျင်းပသည်။**



ရှေးဦးစွာ တိုင်းပညာရေးမှူး (စစ်ဆေးရေး) ဒေါ်ရီရီမြင့်နှင့် ကျောင်းအုပ်ဆရာကြီး ဦးကမားကူးမားတို့က အမှာစကားပြောကြားပြီး ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်၁၄ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၆ ဦး၊သုံးဘာသာ ဂုဏ်ထူးရှင်၁၈ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင်၁၄ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင်၁၉ဦး၊ သူငယ်တန်းမှ နဝမတန်းအထိ ကိုးနှစ်ဆက်တိုက်ပညာရည်ချွန်ဆု ပထမဆုရ မောင်အာကာမျိုး၊ ကွယ်လွန်သူ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်မြိုင်၏ ပညာဒါနဆုရသူများ၊ ပန်းချီဆုရ အဌမတန်းမှမောင်အောင်သူရ၊အင်ဂျင်နီယာ ဦးအောင်မြင့်၊ဒေါ်မြသောင်းတို့၏ ပညာရည်ချွန်ဆုရ နှစ်ဦး၊ ကျောင်းအကျိုးတော်ဆောင်နာယက ဦးညွန့်အောင်-ဒေါ်ဆွေဆွေမြင့်တို့၏ ပညာရည်ချွန်ဆုရသုံးဦးနှင့် သတင်းထောက်ဂုဏ်ပြုဆုရ ဦးထွဏ်းလှအောင်**(အပေါ်ပုံ)**၊ ခွင့်ပျက်ရက်မရှိ ဆရာ ဆရာမ၁၁ဦးနှင့် ရုံးဝန်ထမ်းတစ်ဦးတို့အား တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(၁၆၂)**

# ရေတာရှည်၌ ဆယ်အိမ်စုမှူးများသင်တန်းဖွင့် ရည်ရွယ်ချက်နှင့်လုပ်ငန်းများရှင်းလင်း

**ရေတာရှည် စက်တင်ဘာ ၁၂**

ရေတာရှည် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူးများ မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ၉ရက် နံနက်၉နာရီက ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်နှင့် ကျန်းမာရေးဌာန ဆရာ ဆရာမများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးတင်ငြိမ်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းစိန်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဆရာဝန်ဦးသန်းထွဋ်ဦးက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ ကူညီဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။ **(က-ပ)**

**မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအေးမင်းနိုင်၊ ဒုတိယ ဦးစီးမှူး ဒေါ်ဝင်းသီဂီနှင့် အငယ်တန်း အင်ဂျင်နီယာ ဒေါ်စိုးစိုးယုတို့ စက်တင်ဘာ ၂ ရက်က မြို့မဈေးအတွင်း သွားရောက်စစ်ဆေးရာ ဈေးခေါင်းက လိုက်လံရှင်းလင်း ပြသစဉ်။**

(မြို့နယ် စည်ပင်)



# မိုင်းဖြတ်၌ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်း

**မိုင်းဖြတ် စက်တင်ဘာ ၂၂**

ပြည်တွင်းအခွန်များဦးစီးဌာန မိုင်းဖြတ်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ကျင်းပသော အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲကို စက်တင်ဘာ၁၆ရက် နံနက်၁၀နာရီက မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် အခွန်ဦးစီးဌာနမှူး ဗိုလ်ကြီးကျော်သိန်းက အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်း ဆွေးနွေးသည်။

**ပြန်လည်ရှင်းလင်း**

ထို့နောက် ကျိုင်းတုံမြို့နယ် ဦးစီးအရာရှိ ဦးစိန်ဝင်းက ဝင်ငွေခွန်နှင့် အမြတ်ခွန်ဆိုင်ရာအကြောင်းကိုလည်းကောင်း၊ ကျိုင်းတုံမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးအုန်းသောင်းက ကုန်သွယ်လုပ်ငန်းခွန်နှင့် တံဆိပ်ခေါင်းခွန်များဆိုင်ရာ အကြောင်းကိုလည်းကောင်း၊ မိုင်းဖြတ်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးကျော်ရွှေက အောင်ဘာလေ သိန်းဆုခွန်ဆိုင်ရာ အကြောင်းများကိုလည်းကောင်းရှင်းလင်းတင်ပြရာ တက်ရောက်လာကြသော အခွန်ထမ်းပြည်သူများက မရှင်းလင်းသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းသည်။ **(ခရိုင် ပြန်/ဆက်)**



**မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးစက်ရေတွင်းဝိုင်း အမှတ်(၁)နှင့်(၂)တို့တွင် စက်တင်ဘာ၂ရက်က အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင် ဦးဆောင်သောဝန်ထမ်းများ စုပေါင်း၍ ပိန္နဲနှင့် သရက်ပင်များကို စိုက်ပျိုးကြစဉ်။**

(မြို့နယ် စည်ပင်)

# ဟိုပုံးမြို့နယ်၌ မိုးစပါးစုပေါင်းတမန်းနှိုး

**ဟိုပုံး စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် ဓာတ်မြေသြဇာထည့်ခြင်းနှင့်တမန်းနှိုးပွဲကိုစက်တင်ဘာ၁၄ရက်က ဟိုပုံးမြို့နယ်တွင် မိုးစပါးစံပြကွက်ဧက၂၀၀၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာဦးတိုးအောင်က တမန်းနှိုးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များစုပေါင်း၍ ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**



# ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်သည့်စာရင်းများအရ HIV/AIDS ရောဂါဖြစ်ပွားမှု မြန်မာနိုင်ငံ၌ လျော့ကျလာပြီး အချို့အိမ်နီးချင်းနိုင်ငံများထက်ပင် လျော့နည်းကြောင်းတွေ့ရ

## HIV/AIDS ရောဂါ ဆိုးဆိုးရွားရွားဖြစ်နေသည်ဆိုသည့် လုပ်ကြံသတင်းကို ကျယ်ကျယ်ပြန့်ပြန့် လှုံ့ဆော်ဖြန့်ချိနေခြင်းသည် နိုင်ငံရေးပယောဂ ရောယှက်နေ

**ရန်ကုန် အောက်တိုဘာ ၁**

အမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ရန်ကုန် ပြည်လမ်းပေါ်၌ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနက ဖွင့်လှစ်သည့် အထူးကုဆေးရုံ မင်္ဂလာဒုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး အထူးကုဆေးရုံ မင်္ဂလာဒုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

**တက်ရောက်**

အထူးကုဆေးရုံမင်္ဂလာဒုံ ဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်ဝန်၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ■






# မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိ ဒေသတွင်းနိုင်ငံများ၏ တည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်သည်ဆိုသည့်စွပ်စွဲချက်များ လုံးဝ အခြေအမြစ်မရှိ

## အမေရိကန်၏ ကုလသမဂ္ဂအပေါ်အသုံးချကာ မြန်မာနိုင်ငံအရေးအား စွက်ဖက်မှုအပေါ် ကန့်ကွက်ရှုတ်ချ

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ၂၆ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)၏ ထုတ်ပြန်ကြေညာချက်**

**ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်**

၁။ အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအခြေအနေသည် ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်စေနိုင်သည်ဟု စွပ်စွဲချက်ဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန်အတွက် ၁၅–၉–၂၀၀၆ ရက်နေ့၌ ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရှိရသည်။

၂။ ကျွန်ုပ်တို့အနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အား အေးချမ်းတည်ငြိမ်နိုင်စေမည့်၊ တိုင်းရင်းသား အချင်းချင်း ချစ်ခင်ရင်းနှီးစေမည့်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုရရှိစေမည့် ကုလသမဂ္ဂ၏ ဆွေးနွေးဆုံးဖြတ်ချက်မှန်သမျှကို ကြိုဆိုထောက်ခံလျက်ရှိသော်လည်း အမေရိကန်၏ ယခုကဲ့သို့ ကုလသမဂ္ဂအပေါ် ခုတုံးလုပ်ကာ နိုင်ငံတော်၏ ပြည်တွင်းရေးကို မတရား ဝင်ရောက်စွက်ဖက်ပြီး နိုင်ငံတော်အေးချမ်းတည်ငြိမ်မှုနှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးမှုကို ပျက်ပြားစေမည့် လုပ်ဆောင်မှုမှန်သမျှကိုမူ ဆန့်ကျင်သွားမည်သာ ဖြစ်သည်။

၃။ ကျွန်ုပ်တို့သည် နိုင်ငံတော်အစိုးရ၏ နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်မှုများကို ထောက်ခံပါသည်။ အစိုးရ၏ဦးဆောင်မှုအောက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် တည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးများကို လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်လည်း ရှိပါသည်။ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းတို့၏ ပံ့ပိုးကူညီမှုများဖြင့် ၂၆–၆–၂၀၀၅ရက်နေ့တွင် ကျွန်ုပ်တို့ ပြည်နယ်အတွင်း၌ ဘိန်းစိုက်ပျိုးရေး ကင်းမဲ့ဇုန်အဖြစ် အောင်မြင်စွာ ထုတ်ဖော်ကြေညာနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် အိမ်နီးချင်းနိုင်ငံများမှပါ အသိအမှတ်ပြုခြင်းခံခဲ့ရပြီး ဖြစ်ပါသည်။

၄။ ဤသို့အားဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိနေသဖြင့် မြန်မာနိုင်ငံသည် ဒေသတွင်း နိုင်ငံများ၏ တည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်သည်ဆိုသည့် စွပ်စွဲချက်များသည် အခြေအမြစ် လုံးဝမရှိသော စွပ်စွဲချက်များသာဖြစ်ပါသည်။

၅။ ထို့ကြောင့် အမေရိကန်နိုင်ငံ၏ ကုလသမဂ္ဂအပေါ်အသုံးချကာ မြန်မာနိုင်ငံ အရေးအား စွက်ဖက်မှုအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ကြေညာအပ်ပါသည်။

**ဦးပေါက်ယိုချန်**
**ဥက္ကဋ္ဌ**
**ရှမ်း/မြောက်အထူးဒေသ(၂)**